www.burmeseclassic.com

စိုးစိုးတငပ

# ဘကြာနှင့်ဝေက်
# ကိုယ်ပိုင်ကြာပါ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၀၁၁ ၂၈၀၉၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀ ၂၁၄၀ ၂၀၈
အဖုံးဒီဇိုင်း - ကိုသန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၃)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - အောင်မင်းလွင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ။
ပထမအကြိမ်။
အုပ်ရေ - ၃၀၀
တန်ဖိုး - ၂၂၀၀ ကျပ်

BURMESE CLASSIC .com

# ကိုယ်ပိုင်ရောဂါ

## အကြည်တော်

www.burmeseclassic.com

www.burmeseclassic.com





သာယာလှပသောနေ့တစ်နေ့တွင် တီကောင်တစ်ကောင် တွင်းထဲမှ တက်လာသည်။

လန်းဆန်းသွားအောင် လေကောင်းလေသန့်ရှူပြီးနောက် အခြားတီကောင်တစ်ကောင်ကို အနီးအနားတွင်တွေ့၍ လှမ်းနှုတ်ဆက်လိုက်သည်။

"ဟိုင်း . . . နေကောင်းပါစ၊ ဘော်တီ"

(ဘော်တီဆိုသည်မှာ ဘော်ဒါတီကောင်ဟု ခက်ဆစ်ထွက်၏။)





ဟိုဘက်တီကောင်က သူ့ကိုဘာမှပြန်မပြော။ ငေါ့ပြီးရပ်နေသည်။ မျက်လုံးပင်မဖွင့်။ သူစဉ်းစား၏။

"အင်း . . . ဒီကောင် ဘာကြောင့်ငါ့ကိုပြန်မပြောတာပါလိမ့်၊ မာနကြီးပြီး သူ့ကိုယ်သူနဂါးကြီးပဲထင်နေလို့လား၊ ဒါမှမဟုတ် သူ့ဆီက ငါချေးထားတဲ့မြေဆွေး ပြန်မပေးမိလို့လား၊ ဘာငဲဖြစ်ဖြစ် တီမှုရေးအရ ထပ်ပြီးနှုတ်ဆက်ဦးမှပဲ"

ဟုဆို၍ တီကောင်ပြုံး အလှပဆုံးပြုံးကာ . . .

"ဟယ်လိုဘော်ဘော်တီ ရာသီဥတုကအရမ်းသာယာတယ်နော်"

ဟိုကောင်က တုတ်တုတ်မှမလှုပ်။

သူ၏ ဖော်ရွေသောနှုတ်ဆက်မှုကို တစ်ဘက်တီကောင်မှ ဘာမှအသိအမှတ်မပြု။ သူစိတ်ပျက်စွာသက်ပြင်းချလိုက်၏။ ဒေါသလည်းနည်းနည်းထွက်လာသည်။

"ဒီတီကောင် သောက်ဘဝင်မြင့်နေတယ် အရင်စိတ်နဲ့ဆိုမလွယ်ဘူး . . . ဟူး၊ ဒီလောက်တောင်မာနကြီးနေတဲ့တီကောင် ဘယ်သူ့သားသမီးလည်းဆိုတာမှတ်ဦးမှ"ဟု ဆိုကာ ရှပ်မှတ်ရန် ကုတ်ကိုဆွဲပြီး ဟိုတီကောင်ကို အနီးကပ်ကြည့်လိုက်သည်။ ရုတ်တရက်တီကောင် ကြက်သေ သေသွားပြီး သူ့ဘာသာသူတွင်းထဲပြန်ဆင်းသွား၏။ ပြီးမှညည်းတွားလိုက်သည်။

"တောက် . . . အသက်ကြီးလာရင် ဘာမှမကောင်းဘူး၊ အခုပဲကြည့်လေ ကိုယ့်ဖင်ကိုတောင် သူများခေါင်းမှတ်ပြီး မှားနှုတ်ဆက်မိနေပြီ"

ဤသို့ပင်

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com





ထိုသို့ပင် အသက်ကြီးလာလျှင် ဘာမှ မကောင်းတော့သောအချိန်မရောက်မီ ကျွန်တော်တို့ အချစ်အကြောင်း ပြောကြရပေလိမ့်မည်။

အချစ်ကြောင်း စတင်ပြောမည့်အချိန်တွင် ကျွန်တော့်ဇာတ်ကောင် (မင်းသား)မှာလွှမ်းဆွေး ဝမ်းနည်းဖွယ်ကောင်းစွာ သေလွန်ပြီးဖြစ်ပါသည်။

မိတ်ဆွေတို့၏အနီးအနား ပတ်ဝန်းကျင်နှင့် ကြားဖူးသမျှထဲမှာ အချစ်



ကြောင့် သေသည့်မသာ ကြားဖူး၊ တွေ့ဖူးခြင်း ရှိချင်မှရှိပေလိမ့်မည်။

ယခု ကျွန်တော်ဆက်လက်ဖော်ပြလတ္တံ့သော ဇာတ်လမ်းထဲမှ ဇာတ်ကောင်သည် လူသန်းပေါင်းများစွာထဲမှာမှ ထူးဆန်းစွာ အချစ်ကြောင့် သေခဲ့သော မသာလေးတစ်လောင်းမျှသာဖြစ်၏။

သူသည်သူ့အိုဘဝကို မရောက်မီမှာပင် သူ့နာဘဝမှနေ၍ သူ့သေဘဝသို့ ဂျမ့်ပရိုမိုးရှင်း (Jump Promotion) ဖြင့် လွယ်ကူလှပစွာ ခုန်ကူးသွားသောသူတစ်ဦးပင် ဖြစ်ပေသည်။

သူမည်သို့နည်းဖြင့်၊ မည်သည့်နည်းကိုအသုံးပြု၍ ခုန်ကူးသွားသည်ကို နောင်လာနောင်သားများ ဆင်ခြင်မိစေရန် မျက်ရည်တပိုင်းဝိုင်းဖြင့် တင်ပြရမည်ဖြစ်ပါသည်။

ဤသို့တင်ပြနိုင်ရန်အတွက် ကျွန်တော့်မလည်း မသာလက်ဘော(လ်)ပင်တပ်၍ ကိုယ်တိုင်လက်ဖြင့်လှည့်ယူကာ သဘောတူညီမှုလက်မှတ်ရယူခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် တိုက်ဆိုင်မှုရရှိခဲ့သော လူငယ်မသာလေးများရှိလျှင် အကြောင်းကြားပါ။ ကျွန်တော်ကိုယ်တိုင် လာရောက်၍ သေသူ၏ ခွင့်ပြုချက် တောင်းခံ၊ တောင်းပန်မည်ဖြစ်ကြောင်း ပန်ကြားလိုက်ရပါသည်။

ဤကား ကျွန်ုပ်၏စေတနာစစ်စစ်ပင်။

◆ ◆ ◆

www.burmeseclassic.com





"ကျွန်တော် သေခဲ့ပါပြီ"

ဇာတ်လမ်းအစကတည်းက ကျွန်တော်သေခဲ့ကြောင်းကို ကြိုတင်ပြော ပြထားရခြင်းမှာ မိတ်ဆွေတို့ ဤဇာတ်လမ်းကိုဖတ်ပြီး မျက်ရည်တဝိုင်းဝိုင်းနှင့် ခံစားရမည်စိုး၍ ကြိုတင်အစီရင်ခံထားရခြင်း ဖြစ်၏။

လူ့ဘဝတွင် လူများသည်တစ်ခါ သေသာကြုံဖူးကြပေလိမ့်မည်။ ကျွန်တော် ကထိုသို့မဟုတ်၊ တစ်ဘဝထဲ၌သာ သုံးခါ





သေခဲ့ဖူးပါသည်။

ဤစကားကြား၍ မိတ်ဆွေတို့၏နားထဲ အဆန်းဖြစ်နေကြပေလိမ့်မည်။ မည်သူကမှ သုံးခါသေခြင်းမျိုး ကြုံဖူးလိမ့်မည်မဟုတ်။ ကြားဖူးကောင်းပင်ရှိကြလိမ့်မည်မထင်။ ကျွန်တော်မလိမ်ပါ။ (သေပြီးမှတော့လည်း မထူးပါဘူး။) ဟုတ်ပါသည်။ ကျွန်တော်သည် လူ့ဘဝရလာခိုက် တစ်ခဏလေးအတွင်းသုံးကြိမ်တိုင်တိုင် ပိုးစိုးပက်စက် သေဖူးခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သေဆုံးခြင်းအတွက်လည်း ကျွန်တော်နောင်တမရမိပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် အလွန်ချစ်သောချစ်သူတစ်ယောက်အတွက် အသက်ပေးခဲ့ရခြင်းကြောင့်ဖြစ်သည်။

မိတ်ဆွေတို့ထဲတွင်လည်း အချစ်အတွက် အသက်ပင်ပေးချင်ကြသောသူများရှိကြပေလိမ့်မည်။ ခိုက်ရန်ဖြစ်၍သေဆုံးခြင်း၊ ချစ်သူကို ကာကွယ်ရင်း မတော်တဆသေဆုံးသွားခြင်း၊ အချစ်ကိုရယူရန်အတွက် အဓမ္မကြံစည်ရင်း လွဲချော်ထိခိုက်သေဆုံးခြင်း၊ ချစ်သူက မိမိ၏အချစ်ကိုမယုံကြည်၍ ယုံကြည်အောင်သက်သေပြရင်း ခြေလွန်လက်လွန်ဖြစ်ရခြင်း စသည်ဖြင့် အမျိုးမျိုးရှိကြပေလိမ့်မည်။ ထိုစိတ်ကူးများသည် လွန်စွာကြမ်းတမ်း၍အဆင့်နိမ့်လှသည်ဟု ကျွန်တော်စွပ်စွဲပြောဆိုရဲပါသည်။ မသာဖြစ်ကံမကောင်းဟုပြော၍ရပါသည်။ ကျွန်တော်ကထိုသို့မဟုတ်။ ကျွန်တော့်အသက်ပေးပုံက ယဉ်ကျေးသည်၊ လှပသည်၊ လွန်စွာ မသာကဗျာဆန်သည်။

ဤသည်ကား ကျွန်တော်သေဆုံးခဲ့ရပုံကို ငိုကာချ၍နေခြင်းမဟုတ်။ ကိုယ့်ကိုယ်ကို မသာဂုဏ်ရှိလွန်းလှ၍ဖြစ်၏။ သေပန်းမှာပွင့်၏။ လူတကာနှုတ်ဖျားမှာ ရေပန်းစား၏။ ကြားသူတိုင်းမှာစုတ်သတ်၏။ မနေနိုင်မထိုင်နိုင် အိမ်ပြောင်ပင်စုတ်ထိုး၏။ ကျွန်တော်၏ မွေးသမ်ခင် ရွှေနှုတ်တော်မှ

"သေတာပဲ အေးပါတယ်တော်"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဂုဏ်ယူစွာရေရွတ်ရပေသည်။

ဤမျှလောက်သိရှုံမှုနှင့် သေတာချင်းအတူတူ ကျွန်တော်မသာ ဂုဏ်မောက်နေသည်မှာ လွန်အံ့မထင်။ အဖြစ်အပျက်များကို မယုံကြည်ရှိနေပါက ကျွန်တော်သေဆုံးစဉ်ခါက မှီခဲ့သောသူများကိုမေးကြည့်ကြပါ။ ထိုအချိန်၊ ထိုကာလတွင် လူများသည်ရုပ်ရှင်ရုံမှာ ဘာကားပြနေသည်ကိုမသိ၊ အီရန်နှင့် အမေရိကန်အရေးကိုမေ့၊ ပရီမီးယားဘောလုံးပွဲကို မကြည့်နှင့်၊ နေရာတကာ ကျွန်တော့်အကြောင်းချည်းသာ ရေပန်းစားနေတော့ကြောင်း သိမှီခဲ့သူများ ရှင်းပြကြပေလိမ့်မည်။

ဤသည်မှာ လူတိုင်းနှုတ်ဖျား ရေပန်းစားသည်ဟူသောအသုံးသည် လူတကာသုံးသောစကားလုံးမှီသုံးလိုက်ရခြင်းဖြစ်၏။ ကျွန်တော့်ကိုယ်ကျွန်တော်တော့ ဤအများသုံးစကားလုံးဖြင့် အဆင့်နှိမ့်ချ၍မပြောလိုပါ။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း သေဆုံးခြင်းကို သူတစ်ပါးနှင့်မတူ တမူထူးခြားအဆင့်မြင့်စွာ မသာ့မျက်နှာရွှေပန်းပွင့်လန်းသည်ဟူ၍ သုံးလိုသောကြောင့်ပင်။ အချို့ကလည်း ကျွန်တော့်ကိုကြည့်၍

"ဪ . . . ဒီကောင်နှယ်၊ သေမှခေါင်းနဲ့တိုက်ပြီး မျက်နှာရွှေပန်းပွင့်ရတယ်လို့"

ဟူ၍ မနိုတင်ကဲစုတ်တသတ်သတ်မချင့်မရဲ ဆိုလတ်သည်ဟူ၏။ လူတကာနှုတ်ဖျား ရေပန်းစားသည်ဟူသည့်နေရာတွင်လည်း လူတကာနှုတ်ဖျား ရွှေပန်းစားလွန်းသူဟူ၍ အဆင့်မြင့်မြင့်သာ နှိုင်းယှဉ်လိုက်လိုပေ၏။ ဤသည်ကား ကျွန်တော်၏အလိုတည်း။

ကဲ . . . ဤမျှလောက် နှံ့မွှမ်းနေရအောင် မင်း ဘယ်လိုသေခဲ့လဲ။ သုံးခါတိတိ ဘာလို့သေခဲ့ရလဲ။ လူတကာနှုတ်ဖျား ရွှေပန်းစားရလောက်အောင် (မင်းပြောသလို) မင်းကဘယ်လိုလုပ်ခဲ့လို့လဲမေးကြလိမ့်မည်။





ဟုတ်ကဲ့ . . . ဖြေပါ့မည်။ ထိုအဖြေမပေးခင် ကျွန်တော့်၏ (ကျွန်တော်ကိုယ်တိုင်စပ်ဆိုထားသော)သီချင်းကလေး အရင်ဆိုပြပါ့မည်။ နားဆင်တော်မူပါ အရပ်ကတို့ -

လူမမာဖြစ်ဖို့ . . . ကျွန်တော်ကြိုးစားမည် . . .

ဂီလာနဖြစ်ဖို့ . . . ကျွန်တော်ကြိုးစားမည် . . .

ဆွေသန်းသား ဇာနည် . . .

(ကျွန်တော့အမေနာမည်က ဒေါ်ဆွေသန်းခင် . . ဗျ. . .

ကျွန်တော့နာမည်က ဇာနည်. . . )

အခွင့်အရေးရရင် . . . နာတာရှည်တော့မည် . . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





"ဆရာမောင် ဆေးနီမှုန့်နဲ့ ငန်းနီ ကျော်သာ နှစ်မျိုးပေါင်းပြီး တွဲတွယ်ထည့် လိုက်ပါအမေရာ၊ ပြီးရင်ရေနွေးတစ်ခွက် အလယ်မှာချပြီး မုံရွှာစောင်ခြုံပြီး ဝပ် နေလိုက်၊ ချက်ချင်း ချွေးပြိုက်ပြိုက်ကျပြီး အမေ့ခေါင်းကိုက်ဝေဒနာ ယူပစ်လိုက် သလိုပျောက်သွားစေရမယ်၊ ဒါ မြန်မာ့ နည်း မြန်မာ့ဟန် ရှေးမြန်မာကြီးများ ဒီနည်းသုံးလာတာပဲ၊ အမေတို့က နည်းနည်းလေးကိုယ်ပူ၊ နည်းနည်းလေး





ခေါင်းကိုက်တာနဲ့ ပြပြီ ဆရာဝန်၊ သွားပြီ အထူးကု"

"ဇာနည်"

သူ၏ ရှည်လျားစွာရှင်းပြနေသော စကားအဆုံးမှာပင် အမေက ထအော်သည်။ ပြီးနောက် အမေကသူ့ခေါင်းကိုသူ့အုပ်ကိုင်ပြီး. . .

"အား . . . ကျွတ်ကျွတ်၊ ငါခေါင်းကိုက်နေတဲ့အထဲ ခေါင်းနောက် အောင် လာလုပ်မနေနဲ့စမ်း၊ ငါ့ကိုဆေးခန်းပို့မလား၊ မပို့ဘူးလားပြော"

အမေ့တုံ့ပြန်စကားသံကြောင့် ဇာနည်စိတ်ညစ်သွား၏။ ထို့ကြောင့်ခါးကိုမင်းသားထောက်ထောက်၍ ဆံပင်ကို လှုရှင်တော်ပွတ် ပွတ်ကာ. . .

"ခက်တာပဲအမေရ အဖျားဆိုတာ သုံးရက်ဖျားမယ်၊ အဖျားဟာ သုံးရက်ဖျားမယ့်အဖျားဟာ သုံးရက်ပြည့်အောင်ကိုဖျားပြီး ခုနစ်ရက်ဖျား မယ့်အဖျားဟာ ခုနစ်ရက်ပြည့်အောင်ကိုဖျားတယ်၊ ဒါကြောင့် ဆရာဝန်များ ဆေးပေးရင် သုံးရက်စာဒါမှမဟုတ်ငါးရက်စာ ခုနစ်ရက်စာဆိုပြီး အဖျားပတ် လည်အောင် ပေးကြတာ၊ သုံးရက်ဖျားမယ့်အဖျားဟာ ဘယ်ဆရာဝန်ဆီ သွားသွား တစ်ရက်ထဲနဲ့ ဘယ်တော့မှ မကောင်းဘူး၊ အေး ဆရာဝန်က လူနာကို လုပ်ပေးနိုင်တာ ခဏတော့ သက်သာသွားဖို့ပဲ"

"ဟဲ့ . . . ငါအခု မသက်သာလို့ ပြောနေတာပေါ့ဟဲ့၊ အား ကျွတ် ကျွတ် ခေါင်းတွေကကိုက်လိုက်တာ"

"အဲဒါအမေမှားတာ၊ အမှန်တော့ ဒါဟာ ခေါင်းကိုက်တာ မဟုတ်ဘူး၊ ခေါင်းမှာရှိတဲ့ နပ်(ဗ်)ကြောတွေက ဆွဲကျုံ့ပစ်လိုက်တာ နပ်(ဗ်) ကြောတွေက ဘာဖြစ်လာလည်းသိလား ကျုံ့တဲ့ လည်ပတ်နေတဲ့သွေး ကြောတွေက ဆက်သွားစရာနေရာမရှိတော့လို့ ခေါင်းပေါ်ဝုံးတက်လာတာ မြန်မာလိုဆိုရင်တော့ ပထဝီကြောမပွင့်တာပေါ့၊ ပထဝီ၊ တေဇော၊ အာပော



www.burmeseclassic.com

www.burmeseclassic.com



ဝါယော ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်မှာ ပထဝီတစ်ခု ချွတ်ယွင်းတာပေါ့၊ အမှန်တော့ ပထဝီကြောဆိုတာ လူ့ရဲ့ခြေထောက်မှာ ရှိတယ်၊ ဒါကြောင့် ရှေးမြန်မာကြီးများက လူတစ်ယောက်ခေါင်းကိုက်ရင် ခြေကိုနှိပ်ပေးကြတာပဲ၊ ဆေးပညာ သဘောအရဆိုရင်"

"ဇာနည်"

သူ့စကားမဆုံးမီ အမေဖြစ်သူက သံကုန်ခြစ်အော်သည်၊ နောက် အမေက သူ့ဘာသာသူ ညည်းတွားဟန်ဖြင့် . . .

"အောင်မလေး ဦးဆန်းကြီးရေ ရှင်မသေခင်ကပြောခဲ့တာ မှတ်မိသေး၊ မိဆွေသန်းရေတဲ့၊ ငါကလည်း ဦးဆန်း၊ အဂ္ဂိသား ,နင်က လည်းဆွေသန်းဆိုတော့ အဂ္ဂိသူ၊ တို့သားလေးဇာနည်ဆိုတာကလည်း အဂ္ဂိသား၊ ဓာတ်ပွဲဝါသနာကလည်း နင့်မှာလည်းရှိ ငါ့မှာလည်းရှိဆိုတော့ ဒါကြောင့်တို့သုံးယောက်ပေါင်းပြီး ဓာတ်လေး ပေါင်းထောင်ကြရအောင်လား တဲ့၊ ဩော် သွားလေသူကြီးပြောသွားတာ အမှတ်ရသေး"

သူ့အမေ ဒေါ်ဆွေသန်းက စကားစဖြတ်ပြီး သူ့ကို ပြန်ကြည့်သည်။ ပြီးမှဆက်၍

"ဟင် . . . အဲဒီတုန်းကရှင့်စကားနားထောင်ပြီး ဝါသနာ အလျောက် ဓာတ်လေးထောင်မိရင် ရှင့်သားလျှာရှည်ပုံနဲ့ ရှင် ဆုံးခင် ကတည်းက ရှင့်ဓာတ် ကွဲသွားမြင်ယောင်လှပေါ့၊ ပရိသတ်က ခဲနဲ့ဝိုင်း ဆော်လို့လေ"

ဒေါ်ဆွေသန်းစကားကို ဇာနည်ကအထွန့်တက်ပြီး

"အမေကလည်း ကျွန်တော့်ကြောင့် အဖေ့ရဲ့ဓာတ် မကွဲစေရပါ ဘူး၊ သားက"

သူ့စကားပင်မဆုံးလိုက်၊ ဒေါ်ဆွေသန်းက လက်ကာပြပြီး





"တော် . . . တော် တော်တော့ဇာနည်၊ နင့်စကားနားထောင်ပြီး ငါခေါင်းကိုက်တာလည်းပျောက်သွားပြီ၊ နင့်စကားထပ်ပြန်ကြားမှ ငါ ခေါင်းပြန်ကိုက်မိတော့မယ်၊ သွားသွား . . ငါခေါင်းပြန်မကိုက်မီ ဝေးဝေး သာသွားနေတော့၊ မှတ်ထား သားသမီးဆိုတာ မိဘနဲ့ဝေးဝေးနေရတယ်၊ နင်ဝေးဝေးမှာနေရင် ငါ့ကိုကူညီရာရောက်ပြီ သိလား"

ဒေါ်ဆွေသန်းစကားကြားတော့ ဇာနည်ဝမ်းသာသွားပြီ။

"ဒီလိုပဲဖြစ်ရမှာပေါ့ . . . အမေ့ရဲ့ ဝေဒနာဆိုတာ"

"ဟယ် . . . သွားမယ့်သာသွားစမ်းပါ၊ ငါမွေးထားတဲ့သားရုပ် ငါ့ဘာသာငါကြည့်ပြီး စိတ်ညစ်လွန်းလို့ပါ"

ဒေါ်ဆွေသန်းစကားကို ဇာနည်က ရိုကျိုးစွာ ခေါင်းလေးငုံ့ပြီး

"ဟုတ်ကဲ့အမေ . . . အမေ့စကား သားနားထောင်ပါ့မယ်"

ဟုဆိုကာ လှစ်ခနဲပျောက်သွား၏။ အမှန်တော့ဇာနည်က အစက တည်းကအပြင်သွားချင်နေတာ၊ ဒါကို သူ၏မိခင်ဒေါ်ဆွေသန်းက နေမ ကောင်းလို့ ဆေးခန်းသွားရန် ဆွဲခေါ်နေခြင်းဖြစ်၏၊ ယခုမှသူ့အလိုကျသွား သဖြင့် ဖြံ့အပြင်ဘက် ဒရောသောပါးပြေးထွက်သွားခြင်းပင်။

အမှန်တော့ ဒေါ်ဆွေသန်းနှင့်ဇာနည်မှာ အမေတစ်ခုသားတစ်ခု ဒေါ်ဆွေသန်းယောက်ျား၊ ဇာနည့်အဖေဦးဆန်းကြီး လိပ်ခေါင်းရောဂါနှင့် ဆုံးပြီးကတည်းက ရှိခဲ့သောအမွေအနှစ်များစုထိုင်ပြီး အေးဆေးတည်ငြိမ်စွာ ရပ်တည်ခဲ့ကြသည်၊ တွေးရင်းတွေးရင်း ဒေါ်ဆွေသန်း၏မျက်ဝန်းထဲ သူ့ယောက်ျား ဦးဆန်းကြီးကိုပြေးမြင်ရင်း မျက်ရည်ဝိုင်း သွားသေး၏၊

"ဦးဆန်းကြီးရှိရင် ကောင်းမယ်"

ပြတင်းပေါက်ကငေးရင်း၊ သူ့ ယောက်ျားဦးဆန်းကြီး၏ပုံကို စိတ်ထဲပုံ ပြန်ဖော်ကြည့်သည်။ သူ့သားတော်မောင် ဇာနည်တို့သို့ပင်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ခွေခွေ ဆံနွယ်စနှင့် ဝဝဖိုင့်ဖိုင့် နွတ်ခမ်းလန်လန် မျက်ပေါက်ကျဉ်းကျဉ်း သူ့ယောက်ျားပုံစံက ကောင်းကင်ထက် ဝယ် စပ်ဖြိုးဖြိုးနှင့် ခြောင်ကြီးပေါ်လာ၏။

ဩော် . . . သူ့ခမျှာ ဖြတ်လိုက်ရသည့်လိပ်ခေါင်း၊ ဆေးရုံတက်လည်း မကောင်း၊ သားရေကွင်းနှင့် ထိုင်ပစ်လည်း မဝင်နှင့် နောက်ဆုံးထွက်သက်ပါ အနီနေရာမှာပင် တိုးထွက်သွားသလား အောက်မေ့ရလောက်အောင် ဒုက္ခပေးခဲ့၏။

မသေခင်ကတော့ ကွန်ပျူတာဒီဇိုင်းလုပ်၊ ကြော်ငြာပုံတွေ ရေးလိုက်နှင့် မအားမလပ်နိုင်အောင် ပျော်တပြုံးပြုံးရှာ ကျေးခဲ့သော ဇာတ်ပိုင်ရှင်ကြီး၊ သားလေးမွေးတာတောင် ဇာနည်လို့မခေါ်ဘဲ ဖိုးအင်္ဂါလို့ ချစ်စနိုးခေါ်ခဲ့လို့ ဒေါ်ဆွေသန်းမှပင်

"အဲဒီနာမည်တော့ မခေါ်ပါနဲ့ ကိုဆန်းရယ်၊ တော်ကြာတော့ သားကို ဖိုးအင်္ဂါလို့မခေါ်ဘဲ ရှေ့စီးဖြတ်ပြီးခေါ်မှ ကျပ်သားလေးဒုက္ခရောက်နေပါဦးမယ်"

ဆိုပြီး တားယူရရှာသည်။

> သူ့ခမျှာ ဖြတ်လိုက် ရသည့်လိပ်ခေါင်း ဆေးရုံတက်လည်း မကောင်း သားရေကွင်းနှင့် ထိုင်ပစ်လည်း မဝင်နှင့်





အဲလုပ်ကိုလည်းလောဘကြီး ကွန်ပျူတာရှေ့ထိုင်မနေနဲ့၊ အညောင်းမိလိမ့်မယ်။ အညောင်းပြေအညာပြေ ကြိုးလေးဘာလေးခုန်ဆိုတော့လည်း ကြိုးကမခုန်ရဲ၊ ကျမှာစိုးလို့တဲ့လေ၊ သိက္ခာပြောပါကယ်။ ဒိုင်နာကြီးက ကြိုးခုန်နေရတယ်ဆိုတော့ ဘယ်အမြင်ကောင်းမှာလဲ။ အဲဒါနဲ့ လိပ်ခေါင်းနဲ့ပဲ သေကော့တာပဲ။

ဩော် . . . မှတ်မိသေးပါရဲ့၊ ဦးဆန်းကြီးမဆုံးခင်တုန်းက ဦးဆန်းကြီး စပ်ဆိုခဲ့တဲ့သီချင်းလေး၊ သူ့ခမျှာပျော်လည်းဆို၊ စိတ်ညစ်လည်းဆို၊ တဆိုတည်း နှုတ်ဝယ်တဖွဖွ ရွတ်ဖတ်သရဇ္ဈာယ်သွားတဲ့သီချင်း။ အင်း . . . လိုက်မှတ်ထားကြ။ ကိုယ်လည်းဒီဒုက္ခမျိုးကြုံရင် ဒီသီချင်းကို ပျော်ပျော်ကြီးဆိုလို့ရတာပေါ့။

## ဦးဆန်းကြီးရဲ့ ဝမ်းဒုက္ခ

(ဦးဆန်းကြီးရဲ့ ဝမ်းဒုက္ခကိုသိလား . . .  
ဇောချွေးပြိုက်ပြိုက် ခေါင်းမူးမိုက်အောင် ညစ်ဖူးလား . .  
မင်းတို့ဖြစ်တဲ့ ဝမ်းဒုက္ခဟာ ပါမွှား . . . .  
ဆတ်ကနဲတိုးလိုက် ဆစ်ကနဲဖြစ်လိုက်  
ဝွတ်ကနဲရစ်လိုက် ဇိကနဲရပ်လိုက်  
ပန်းချင်နေပြီအိမ်သာပြေးထိုင် မပါပြန်ဘူးဟေ့ . . .  
ခွမ်းပါတယ်ဆိုတဲ့ မြန်မာဆေးတွေ  
ဝွတ်ပါတယ်ဆိုတဲ့ ဟိုအင်္ဂလိပ်ဆေးတွေ  
ကောင်းပါတယ်ဆိုတဲ့ တရုတ်ဆေးတွေ  
တစ်လုံးသောက်လိုက် နှစ်လုံးသောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိုးသောက်လိုက် တစ်မြှုလုံးသောက်လိုက်
အဲဒါတောင် ငါမပါဘူးဟေ့ . . . )

ဦးဆန်းကြီးရဲ့ ဝမ်းဒုက္ခအကြောင်းလေး
အထူးကုတဲ့ အထူးကုနဲ့ ဆွေးနွေး
ဦးဆန်းကြီးရဲ့ ဝမ်းဒုက္ခအကြောင်းလေး
စဉ်းစားစမ်း ဦးနှောက်နဲ့ ဆေးပေး . . . ဟေး
(------)

◆ ◆ ◆







"အချစ်ဆိုတာ မျက်လုံးချင်းဆုံရာက စတယ်ကွ"

ညနေ၏မိုးဖွဲဖွဲကို အမှီသဟဲပြု၍ဘီယာဟုမည်သော ခေါင်းပေါင်းဖြူဖြူမျက်နှာဝါဝါနှင့်ငတိအား လူအများက ခေါင်းပေါင်းမှစစုပ်ကာ စည်းစိမ်ခံနေကြသည်။

"မင်းကို အဲဒီစကားဘယ်သူပြောလဲ"

လေပြည်သည် သေးငယ်သော မိုးရေစက်စတချို့ကို သယ်ဆောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဘီယာခွက်ကို ကိုင်စယ်နေ၏။

"မင်းတို့ပဲစဉ်းစားကြည့်လေ၊ အချစ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် မြင်တွေ့ပြီးမှသာ ချစ်ကြတာမဟုတ်လား၊ ဒါကြောင့် မျက်လုံးကစတယ်လို့ဆိုတာပေါ့"

ကားလမ်းမပေါ်ရှိ ဗွက်အိုင်ငယ်မှ ကားတစ်စီးဖြတ်သန်းရှိန်ကြောင့် ရေများဗွမ်းကနဲ လမ်းမပေါ် ခုန်တက်လာ၏။

"ဒါဆိုရင်ကွာ အခုတယ်လီဖုန်းထဲကနေ စကားပြောမိရင်း သေအောင်ချစ်မိသွားတဲ့သူတွေ၊ နောက် မျက်လုံးမမြင်ဘဲတစ်ဦးကိုတစ်ဦး သံယောဇဉ်တွယ်မိသွားသူတွေကျတော့ ဘယ်လိုလုပ်မလဲ၊ အမှန်တော့ အချစ်မှာမျက်စိမရှိဘူးကွ ငွား . . . ငွား . . . ငွား"

ဘီယာဆိုင်ကလေးမှာ စကားဝိုင်းကကောင်းနေပြီ။ ဦးဆောင်ဆွေးနွေးသူက တင်မောင်လွင်၊ ကန့်ကွက်သူကဇာနည်။

ဇာနည်က ထိုကဲ့သို့ပင် မူးလာလျှင်အမြဲတမ်း ကန့်လန့်တိုက်နေကျ။

"အဲဒါမျိုးက အင်မတန်ဖြစ်ခဲတဲ့ကိစ္စပါကွာ၊ တစ်ယောက်ကိုတစ်ယောက် မမြင်တွေ့ဖူးဘဲ ချစ်ဖို့ဆိုတဲ့ကိစ္စဟာ လွယ်တော့မလွယ်ဘူး၊ ဥပမာကွာ တစ်ယောက်ကိုတစ်ယောက်မတွေ့ဖူးဘဲ ဖုန်းထဲကတင်ချစ်ကြတယ်ဆိုတာ အမှန်တော့သာယာကြတာကွ၊ အကယ်၍ လူချင်းဆုံမိမှ ကိုယ့်မျက်စိနဲ့ တိုက်ရိုက်မြင်ရတဲ့အချိန်ကျမှ ကိုယ်တကယ်မချစ်နိုင်တဲ့ ပုံကြီးမျိုးဖြစ်နေတာမျိုး ဖြစ်တတ်တယ်၊ ဥပမာ ဗိုက်ကြီးပူနေတာတို့ အဲဒီတော့မှ ကိုယ်သာယာခဲ့တာတွေနဲ့အတူ အချစ်စိတ်ပါ ပျောက်သွားတတ်တယ်. . . ဒါကြောင့် ရှေးလူတွေကပြောခဲ့တာ ချစ်ခြင်းအစမျက်စိကတဲ့"

တင်မောင်လွင်က ရှည်လျားစွာရှင်းပြပြီး မောသွားဟန်နှင့် ဘီယာခွက်ကိုဟန်လုပ်စုပ်ယူလိုက်သည်။ ဒါကို မူးနေပြီဖြစ်သောဇာနည်က အာလေး လျှာလေးနှင့် ဖင်ပိတ်ငြင်းသည်။

"ချစ်ခြင်းအစ မျက်စိကဆို၊ မျက်စိနဲ့မကြည့်ဘဲ နှလုံးသားနဲ့ကြည့်ပြီး ချစ်ခဲ့တာတွေကရောကွာ၊ ဒါကြောင့်ပြောတာ အပေါ်နှစ်လုံးနဲ့ပဲ မတွက်နဲ့၊ အလယ်နှစ်လုံးအတွက်ပါထည့်စဉ်းစား၊ ဒါမှ အောက်နှစ်လုံးသက်သာမှာ"

သူ့စကားကို တင်မောင်လွင်က မျက်မှောင်ကြုတ်၍. . .

"ဘာလဲကွ. . မင်းဟာ အပေါ်နှစ်လုံး၊ အလယ်နှစ်လုံး၊ အောက်နှစ်လုံးနဲ့ ရှုပ်နေတာပဲ"

တင်မောင်လွင် အမေးကို ဇာနည်က

"အပေါ်နှစ်လုံးဆိုတာ မျက်လုံးကိုပြောကာ၊ အလယ်နှစ်လုံးကနှလုံးသား၊ အောက်နှစ်လုံးကခြေသလုံးလေကွာ၊ မင်းမျက်စိနဲ့တင်ကြည့်ပြီးလှတယ်၊ ကြိုက်တယ်ဆိုပြီး ဆုံးဖြတ်ခဲ့တော့ အောက်နှစ်လုံးဖြစ်တဲ့ခြေသလုံးကြီးအောင် လုပ်ကျွေးရမှာပေါ့ကွ"

"ဟာ . . တော်ပါကွာ မင်းနှစ်လုံးကိစ္စ၊ မင်းနဲ့လည်း ဆက်မငြင်းတော့ဘူး၊ မူးလည်းမူးနေပြီ၊ အိမ်ပဲပြန်တော့မယ်"

ဟုဆိုကာ မတ်တတ်ရပ်သည်။ ဇာနည်ကသာ. . .

"ခဏနေဦးကွ၊ ဒါလေးဖြတ်လိုက်ဦးမယ်"

ဆိုပြီး လက်ကျန်ဘီယာခွက်မော့သောက်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဒီမှာရှင်းမယ်ဟော့"

ဘီယာဝိုင်းထိုင်ပြီးလျှင် ဘာမှမလုပ်ရဘဲချမ်းသာနေသော သူဌေးလေးဇာနည်ကရှင်း့နေကျ။

◆ ◆ ◆







ည . .

လူခြေကရှင်းနေပြီ၊ ရှင်းနေလို့လည်းတော်သေးသည်၊ ဘီယာမူး၍ပြန်လာသောတင်မောင်လွင်နှင့်ဇာနည် နှစ်ယောက်တည်းလမ်းပိတ်နေ၏၊ ယိုင်ထိုးယိုင်ထိုးနှင့် ခပ်ဖြည်းဖြည်းလျှောက်လာကြပုံကမသိရင် အရက်သမားကြီးတွေကျနေတာပဲ၊ သိတော့လည်း၊ အဲ . . . အရက်သမားကြီးတွေပါပဲ၊ လမ်းဘေး



www.burmeseclassic.com

မှာတော့ ကားတွေစီရီတန်းရပ်လို့။

"မင်းတို့လက်တွေမြေကြီးမှာ . . . ထောက်ထားလိုက် . . .

တင်မောင်လွင် . . . မင်းတို့နောက်မှာရောက်နေပြီ . . .

မင်းတို့လက်တွေမြေကြီးမှာ . . . ထောက်ထားလိုက် . . .

တင်မောင်လွင် . . . မင်းတို့နောက်မှာရောက်နေပြီ . . ."

တင်မောင်လွင်က ဘာမှန်းမသိတဲ့ သီချင်းကစ်ပုဒ်ကိုဆိုလာသည်။

"နေဦးကွ ငါရှူးပေါက်ချင်တယ်"

ရုတ်တရက်ခြေလှမ်းရပ်ပြီး ပြောလိုက်သောစကားကြောင့် တင်မောင်လွင်မျက်လုံးပြူးသွား၏။ နံဘေးနားကြည့်တော့လည်းလူနေအိမ်ချည်းသာ။ သူတို့ရှိနေတာက ပလက်ဖောင်း။

"ဟေ့ကောင် နည်းနည်းအောင့်ထားလိုက်ပါကွ၊ ဒီနားအပေါ့သွားလို့မရဘူး၊ အိမ်ရောက်မှ"

"အာ . . . အိမ်ကအဝေးကြီးလိုသေးတဲ့ဟာ၊ ငါမနေနိုင်တော့ဘူး"

ဇာနည်စကားကြောင့် တင်မောင်လွင် ပျာပျာသလဲ ဖြစ်သွားပြီး

"ဟာ . . . ဟေ့ကောင် ဒီမှာတော့မလုပ်နဲ့ကွ၊ လမ်းဘေးကအိမ်တွေက မအိပ်ကြသေးဘူး၊ မြင်သွားလို့ ပြဿနာတက်နေပါဦးမယ်"

"တို့အမျိုးက အမြင်မရိုင်းပါဘူးကွ"

ဇာနည်က အထွန့်တက်နေသေး၏။ တင်မောင်လွင်ကသာ

"မင်းအဘ. . . မင်းသာမရိုင်းတာ၊ ကျန်တဲ့သူတွေက ရိုင်းလိမ့်မယ်ကွ၊ နေရာရှာစမ်းပါဦးကွာ"

တင်မောင်လွင်ကလည်းဇာနည်တိုက်ထားသော ဘီယာတဖြန့်





ဖြုံသောက်မျှမိထားသည့်အတွက် ဤကိစ္စမျိုးလေးနှင့် ရှောင်ထွက်၍မကောင်း။

"နေဦးကွ၊ ဟိုကားနောက်မှာပဲ ရှင်းလိုက်တော့မယ်"

ကြည့်လိုက်တော့ကားက ပါကင်ထိုးကားအမြင့်ကြီး။

"ဟေ့ကောင်ရာ ကားပိုင်ရှင်နဲ့တွေ့လို့"

"ကားပိုင်ရှင်နဲ့တွေ့တော့လည်း ခွေးလိုဟောင်ပြလိုက်မှာပေါ့ကွ ကားဘီးမြင်ရင် သေးမပန်းရမနေနိုင်လို့ ပန်းမိတာပါဆိုပြီး ကြာတယ်ကွာ"

ဟုဆိုကာ ကားနောက်ပြေးကပ်လိုက်သည်။

"ဟား"

ဇာနည့်ထံမှ အားရကျေနပ်စွာထွက်ပေါ်လာသော သက်ပြင်းချသံ။ တင်မောင်လွင်ကသာမလုံမလဲနှင့် လူရိပ်လူခြေကြည့်နေရသည်။ ဖြတ်သွားဖြတ်လာကကျဲပါးဆဲ။ ဟိုငတိကလည်း ဘီယာတွေမဆန့်မပြဲ သောက်သုံးလာရော့ထင့်။ ကြောင်းရှည်တစ်ကြောင်းကမဆုံးနိုင်၊ ခွေးဇာတ်ခင်းလို့မပြီးနိုင်။ ဘောင်းဘီလေး မ,ကာ မ,ကာနှင့်စတိုင်ကျနေ၏။ ထိုခဏမှာပင်

ဖျတ်ခနဲ ပွင့်လာသော ပါကင်ရှိုးမီး၊ နောက် ကားစက်နှိုးသံ။ ရုတ်ချည်းပြောင်းလဲသွားသောအခြေအနေကြောင့် ဇာနည်ရော၊ တင်မောင်လွင်ပါကြောင်သွားကြသည်။ ထိုခဏမှာပင် ထပ်ကြားလိုက်ရသောအသံက . . .

"သတိ ကားနောက်ဆုတ်မယ်၊ သတိ ကားနောက်ဆုတ်မယ်"

ဘက်(ခ်)ဂီယာထိုးလိုက်သည်နှင့် အော်တိုထွက်လာသော သတိပေးသံ။ ကားကပါကင်ထိုးထားရာမှ အနောက်ဆုတ်ကာ ထွက်ရန်ပြင်ပုံရ၏။ ဟိုကောင်လည်းကမန်းကတန်း နောက်ဆုတ်ထွက်ရန်ပြင်သည်။

"ဟာ"

ကားက ဆတ်ခနဲရွေ့ပြီ၊ ထိုတော့မှ နှစ်ယောက်လုံးသတိပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဟေ့ဟေ့၊ နောက်မှာလူ လူ"

တင်မောင်လွင်၏ ကျယ်လောင်သောအော်သံ၊ သို့သော်နောက် ကျသွားပေပြီ၊ ဟိုကောင် အောက်နှစ်လုံး (ခြေသလုံးနှစ်လုံး)မလှုပ်ရှားနိုင်မီ မှာပင် ဒုန်းခနဲမြည်သံ ကြားရ၏။

"ဇာနည် . . . ဇာနည်"

တင်မောင်လွင်၏ အာခေါင်ခြစ်အော်ဟစ်သံ။

◆ ◆ ◆







အမှောင်၊ သူ လွန်စွာကြောက်သောအမှောင်၊ အမှောင်ထဲတွင် သူရှုန်းကန်ပြေးလွှားဆဲ၊ ညာဘက်ချိုးကွေ့လိုက်သည်၊ အလင်းရောင်မမြင်ရသေး။

"လုပ်ကြပါဦး၊ ကျွန်တော် ဘယ်ရောက်နေလဲ"

သူ၏ ကြောက်လန့်တကြားအော်သံ၊ မည်သည့်နေရာကမှ ပြန်ထူးသံမကြား၊ ဇောချွေးတွေအလိုလို စိမ့်ထွက်လာသည်၊ ကျောကိုတစ်စုံတစ်ခုလာထောက်သဖြင့် လှည့်ဖမ်းလိုက်ရာ ဟင်



www.burmeseclassic.com

www.burmeseclassic.com



အမြီး၊ ငါငါ ဘာလို့အမြီးပေါက်လာတာလဲ၊ ငါဟာ . . .

"ကယ်ကြပါဦးဗျို့၊ ကားဘီးမြင်တိုင်း ခွေးဇာတ်မခင်းတော့ပါဘူး"

သူ့ရဲ့ ကယောင်ကတမ်းအော်သံ။ ဘာမှ မထူးခြား။ သူ ဘယ်ဘက်ကို ချိုးကွေ့လိုက်သည်။

"ဟာ"

ခပ်ဝေးဝေးမှ မြင်ရသော အလင်းရောင်ငယ်ငယ်။

"ငါလာပြီ . . . ငါလာပြီ"

သူ အားတက်ပြီးအလင်းရောင်ဆီပြေးလိုက်သည်၊ ကျိန်းစပ်သော အလင်းရောင်ကြောင့် သူမျက်လုံးကိုပြန်ပိတ်လိုက်မိသည်၊ အလင်းရောင်မမြင်တာကြာ၍ မျက်လုံးကျိန်းစပ်သွားပုံရသည်။ အတန်ကြာမှ သူမျက်လုံးကိုပြန်ဖွင့်လိုက်တော့. . .

"ဟင်"

သူ့မျက်လုံးကိုဖြဲ၍ စာတ်မီးနှင့် ထိုးကြည့်နေသော မျက်ဝန်းတစ်စုံ။ သူ့ရုတ်တရက်မျက်လုံးပွင့်လာ၍ ကြောင်ပြီးငြိမ်နေပုံရ၏။

"အို . . . လှလိုက်တဲ့မျက်ဝန်း"

မျက်ဆန်နက်နက်၏ ပတ်ဝန်းကျင်တွင် ဝဲဖြာနေသောမျက်တောင်မွေးကော့ကော့လေး၊ နောက် မျက်ခုံးနက်နက်တစ်စုံ။ ချစ်ခြင်းအစ မျက်လုံးကဆိုသော တင်မောင်လွင်၏အဆိုကို သူချက်ချင်းသတိရသွားသည်။ သူသတိလက်လွတ် ထပ်ငေးကြည့်နေမိသည်။ နှာခေါင်းထိပ်ဖျားလေးက ချွန်ပြီး နှုတ်ခမ်းနှစ်လွှာက ပန်းရောင်သန်းနေသည်၊ ပါးပြင်နုနုပေါ်မှတစ်ဆင့် ဆံနွယ်စတစ်ချို့ပင် သူ့နဖူးပေါ်ဖြာကျနေပြီ။ အနေအထားက သူမ၏ဆံနွယ်စများ သူ့ပတ်ဝန်းကျင်ကိုလိုက်ကာချထားသလိုလို။ သူမ၏ နက်မှောင်ရှည်လျားတဲ့ဆံနွယ်များကြားမှာ သူနှင့်သူမတို့ တစ်ယောက်ကို တစ်ယောက်





ကြောင်ပြီးစိုက်ကြည့်နေမိသည်၊

ဖြူစင်နုနယ်သောမျက်နှာလေး သူ့အပေါ်ဘယ်လိုရောက်နေပါလိမ့်။ သူစဉ်းစားမရ။ ခဏငြိမ်သက်နေတုန်းမှာပင် ထိုမျက်ဝန်းလေးသူ့နားမှ ဆုတ်ခွာသွားပြီး. . .

"သူသတိပြန်ရလာပြီ"

အသံက သေးသေးနွဲ့နွဲ့အေးအေးလေး၊ ထိုတော့မှ . . .

"အောင်မလေး ကံကြီးပေလို့ပေါ့သားရယ်"

ဟူသော အမေ့ငှက်ဆိုးသံကြီးကြားရတယ်။ ထိုတော့မှ သူလည်း သတိရသွားပြီ။

"ကျွန်တော် . . . ကျွန်တော် ဘယ်ရောက်နေတာပေါ့နော်၊ ကျွန်တော်ဘယ်ရောက်နေတာပေါ့နော်"

ဇာနည့်နှုတ်မှ ကယောင်ကတမ်းထွက်လာသောစကားတချို့။ ဒါကို အနားရောက်လာသောအမေက

"အေး . . . ဘယ်ရောက်နေ၊ အာ. . . ငါတောင်ယောင်ကုန်ပြီ၊ နင် အထူးကုဆေးခန်းတစ်ခုရောက်နေတာလေ"

ဆေးခန်းဟူသော စကားသံကြားသည်နှင့် ဇာနည်က သူ့ခေါင်းကို သူ ပြန်အုပ်ကိုင်ပြီး. . .

"ဟင် . . . အထူးကုဆေးခန်းဟုတ်လား၊ ဒါဆို ခုနက ကျွန်တော် ခေါင်းကိုက်နေတာလားဟင်"

"ဟာ . . . ဒါတော့ဘယ်သိပ့်မလဲ၊ နင်ကိုက်တာ နင်ပဲသိမှာပေါ့"

ဇာနည် အမေဖြစ်သူ၏စကားကို ဂရုမစိုက်အားဘဲ ခုနမြင်တွေ့လိုက်ရသော မျက်ဝန်းအစုံဆရာမလေးကိုသာလိုက်ငေးနေမိ၏။ ဆရာမလေးကတော့ သူ့အလုပ်သူလုပ်ရင်းရှုပ်နေသည်၊ ဇာနည်ကလည်းဆရာမ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းရာသို့ မျက်လုံးကမခွာ။

"ဟဲ့ . . . အာ လန့်လိုက်တာ ကလူ ကလူ"

ဆရာမကိုလိုက်ငေးနေရင်း ရုတ်ချည်းမြင်လိုက်ရသော သူ့အမေ မျက်နှာမြင်၍ လန့်အော်မိသေးသည်။ ဒါကိုသူ့အမေဒေါ်ဆွေသန်းက မျက်နှာမဲ့ရှုံ့ကာ

"ဩော် . . အမေ့ မျက်နှာမြင်တာတောင် သွေးလန့်နေသေးတယ် ဟုတ်လား၊ ငါလုပ်လိုက်ရသေးတော့မယ်"

သူ့အမေ၏ကြုံးဝါးစကားကို ဇာနည်ဂရုမစိုက်အားသေး။ သူ့အမေ ပခုံးကိုပင် အနည်းငယ်ဆွဲဖယ်လိုက်ပြီး

"မကွယ်နဲ့လေ အမေကလည်း ဒီမှာစိတ်ပါလက်ပါ ကြည့်နေတယ်ဆိုမှပဲ"

ဟုဆိုလိုက်မှ သူ့အမေလည်းပိုစိတ်ဆိုးသွားပြီး. . .

"ဟဲ့ . . . အကောင်၊ နင့်အမေဒီမှာ ဒီမှာမကြည့်ဘဲ ဘယ်လိုက်ကြည့်နေတာလဲ"

"ဟာ . . အမေ့မျက်နှာက ကျွန်တော်တစ်သက်လုံးကြည့်လာတာ ကျွန်တော်မှတ်မိပါတယ်အမေရာ၊ အခုဟာက ဟာ သွားပြီ"

ဆရာမလေး အခန်းထဲကထွက်ခွာပျောက်ကွယ်သွားပြီ။ ထိုတော့မှ သူ့ခေါင်းထဲ တစစ်စစ်နှင့်ပြန်ကိုက်တက်လာပြီး . . .

"အား . . . ခေါင်းကိုက်လိုက်တာအမေရာ၊ ကျွန်တော် . . . ကျွန်တော်ဘာဖြစ်သွားတာပေါ့တင်"

ဟု ကယောင်ကတမ်းဆိုလိုက်ရာ သူ့အမေကလည်း . . .

"အေး . . . ဘာဖြစ်၊ ဘာ . . . နင့်စကားတွေကလည်း"

ဆိုကာ အဖြစ်အပျက်ကို ပြန်ရှင်းပြ၏။





"ဒီလိုဟော့ မနေ့ညက နင်နဲ့တင်မောင်လွင် ဘီယာဆိုင်ကနေ မူးရူးပြီး သူများကားနောက်သေးဝင်ပေါက်လို့ အဲဒါ ကားနောက်ဆုတ်ရင်း တိုက်မိတာ၊ တစ်ညလုံးလည်း သတိမရ ခေါင်းမှာလဲလေးချက်ချုပ်လိုက်ရတယ်၊ ဟင်း ခွေးစိတ်ပေါက်ပြီး သူများကားဘီးသေးဝင်ပန်းရတယ်လို့၊ ဖြစ်တာတောင်နည်းသေး"

သူ့အမေရှင်းပြသောစကားသံများကြားတော့ မနေ့ညကအဖြစ်အပျက်များ ပြန်မြင်ယောင်မိသေး၏။ ဟုတ်သား။ သူများကားနောက်ဝင်ပြီး ဟတ္တာလုပ်နေတုန်း ကားကြီးနောက်ပြန်ကြီး မျက်စိတည့်တည့်ဝင်လာတာ။ စဉ်းစားရင်းစဉ်းစားရင်း ခေါင်းကတစစ်စစ်ကိုက်လာပြန်၏။ ခေါင်းကိုက်တာကနည်းနည်းပါ။ ခုနမျက်ဝန်းပိုင်ရှင်ဆရာမလေးကို ပြန်တွေ့ချင်နေသည်နှင့်

"အား . . . ခေါင်းကိုက်လိုက်တာအမေရာ၊ ကျွတ်ကျွတ် ခုန ဆရာမလေးပြန်ခေါ်ပေးပါ"

အမေကလည်း ဘုမသိဘမသိနှင့်. . .

"ဟဲ့ ခေါင်းကိုက်ရင်လည်း လှဲနေလေ၊ ခဏနေ သက်သာသွားမှာပေါ့"

"အား . . . လှဲနေလည်းရမှာမဟုတ်ဘူး အမေရာ၊ ခေါင်းတသိမ့်ကိုက်တာပဲ၊ မနေနိုင်တော့ဘူး၊ အား . . . ဆရာဝန်မလေးသာ ခေါ်ပေးပါ၊ အား လုပ်ပါအမေရဲ့အမြန်ခေါ်ပေးပါ"

သူ့ရဲ့အမူအယာကို ကြည့်ပြီး အမေဖြစ်သူလည်းမနေနိုင်တော့ဘဲ

"ဟဲ့ဟဲ့ . . . လုပ်ကြပါဦး၊ ဒီမှာသားလေး သားလေးခေါင်းကိုက်လို့တဲ့"

ဒေါ်ဆွေသန်း အော်သံကြားသည်နှင့် နံဘေးနားသို့ နပ်(စ်)မလေးတစ်ယောက် ရောက်လာပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကိုက်လာရင် ဒီဆေး သောက်ဖို့ ဆရာဝန်မကမှာခဲ့ပါတယ်၊ ဒီဆေးလေးသောက်လိုက်ပါ"

ဇာနည်က ဆေးများကိုကြည့်ပြီး

"အား ဒီဆေးတွေ သောက်ရင်လည်း ကောင်းမှာမဟုတ်ဘူး၊ အောင်မလေး ခေါင်းကကိုက်လိုက်တာ၊ ဆရာဝန်မလေးခေါ်ပေးပါ၊ အား. . . ကျွတ်ကျွတ်"

သူ့စကားကို နပ်(စ်)မလေးကလည်း . . .

"ဟုတ်ကဲ့ ဆရာမက Round လှည့်နေပါတယ်၊ မသက်သာရင် ဒီဆေးလေးသောက်ထားလိုက်ပါ၊ ကောင်းသွားမှာပါ"

နပ်(စ်)မလေးစကားကို သူ့အမေကလည်း . . .

"ဟုတ်သား . . သားရယ်၊ ဆေးသောက်လိုက်ရင် သက်သာသွားမှာပါ၊ ကဲ အမေရေခပ်ပေးမယ်"

ဟုဆိုကာ ရေတစ်ခွက်ခပ်ပေး၏။ ဇာနည်လည်း ဘာမှမတတ်နိုင်

ဟုတ်ကဲ့ ဆရာမက Round လှည့်နေပါတယ်. . မသက်သာရင် ဒီဆေးလေးသောက်ထားလိုက်ပါ. . .





တော့ဘဲ ဆေးလေးလုံးကိုယူ၍ တစ်ပြိုင်ထဲမော့ချလိုက်၏။ ခေါင်းကိုက်က ပျောက်သလောက်ဖြစ်သွားပြီ၊ သို့သော် ရောဂါကအကင်းမသေသေး၊ ထို့ကြောင့် ခုတင်ပေါ်နစ်ပတ်သုံးပတ်ခန့်လှိမ့်၍

"အား . . ဆေးသောက်ပြီးမှခေါင်းပိုကိုက်လာသလိုပဲ၊ အောင်မလေးခေါင်းပွင့်ထွက်တော့မယ်ထင်တယ်၊ ဒီဝေဒနာကိုခင်ဗျားတို့ကို ပြောပြရင်လည်းနားလည်မှာမဟုတ်ဘူး၊ ဆရာဝန်သာခေါ်ပေးပါဗျာ ဆရာဝန်သာ မြန်မြန်ခေါ်ပေးကြပါ၊ အား ကျွတ်ကျွတ် နာလိုက်တာ နာလိုက်တာ၊ အား . . . သေတော့မယ်ဗျာ"

ဇာနည့်ထံမှ လိုသည်ထက်ပို၍ ညည်းညူသံကြားရ၍ နပ်(စ်)မလေးလည်း ပျာပျာသလဲဖြစ်သွားပြီး . . .

"ခေါင်းတအားကိုက်နေရင်လည်း ခဏလှဲနေနော်၊ ကျွန်မ ဆရာဝန်သွားခေါ်ပေးမယ်"

ဟုဆို၍ပြောပြီး အခန်းပြင်ကမန်းကတန်းပြေးထွက်သွား၏။ ထိုတော့မှဇာနည်လည်း အလိုကျသွားပြီး ခုတင်ပေါ် ပြုံးပြုံးကြီးလှဲနေလိုက်၏၊ ဆရာဝန်မသူ့ကိုလာကြည့်ချိန် လှပနေအောင်လို့လေ၊ သူ့ကိုကြည့်ပြီး အမေဖြစ်သူကပါကြောင်ပြီး. . .

"ဘယ်လိုဖြစ်တာလဲ၊ ခုနကတော့ ခေါင်းကိုက်တာသေတော့မယ်ဆို၊ အခုဘာဖြစ်လို့ ပြုံးပြုံးကြီးလှဲနေရတာလဲ"

အမေ့စကားကို ဇာနည်က. . .

"အမေမသိပါဘူး၊ အမေရာ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ ပြုံးပြုံးကြီးပြန်လှဲနေလိုက်သည်။ မျက်ဝန်းလှလှနှင့် ဆရာမလာလျှင် စတိုင်လ်ကျနေစေရန်အတွက် ဒူးတစ်ဖက်ပင်ချိတ်၍ အပြုံးကိုမလျှော့ဘဲ တစ်ပုံစံထဲဖြစ်ရန်တင်ထားသေး၏။

သိပ်မကြာလိုက်ပါ။ အခန်းထဲဝင်လာသောခြေသံကြား၍ ဇာနည်အပြုံးကိုအနည်းငယ်ထပ်တင်ကာ မျက်လုံးကိုမှိတ်ထားလိုက်၏။ သူ့ပုံက ဇာတ်ဖောင်စင်းသေလို့ ဝင်စားထားသည့်အတိုင်း။

"ဘာဖြစ်တာလဲ"

"ဟင်"

ရုတ်တရက်မထင်မှတ်ဘဲကြားလိုက်ရသော သံပြည့်ကြီးကြောင့် ဇာနည်အံ့အားသင့်သွား၏။ ဟုတ်ပါ့။ မျက်လုံးဖွင့်ကြည့်တော့ သူမြင်ချင်သောမျက်ဝန်းကလေးမဟုတ်၊ မျက်ဝန်းပြူးပြူးကြီးပိုင်သော ယောကျ်ားဆရာဝန်ကြီး။

"အက်ဒီးဆင့်ဖြစ်ထားတာဆရာ၊ ဆရာမနေရီမွန်က အသေအချာကြည့်ထားပြီးပြီ၊ အဲဒါကိုခေါင်းတအားကိုက်လာလို့တဲ့"

နေရီမွန်တဲ့။ နာမည်လေးသိလိုက်ရရုံနှင့် ဇာနည်ရင်တွေ တဒိတ်ဒိတ်ခုန်သွား၏။

"ဆေးရော မတိုက်ရသေးဘူးလား"

"တိုက်ပြီးပြီဆရာ၊ ဒါပေမယ့်ခေါင်းက တအားကိုက်လို့တဲ့"

ဆရာဝန်က သက်ပြင်းချသည်။ သူ၏ရေရှည်အပြုံးလည်း အလဟသပ်ဖြစ်ကုန်ပြီ။



"မှောက်လိုက်"

"ဗျာ"

သူ့ကိုကြည့်၍ ပြောလိုက်သောဆရာဝန်စကားကြောင့် ဇာနည်ကြောင်သွား၏။ ဒါကိုဆရာဝန်က . .

"ဆေးထိုးဖို့ မှောက်လိုက်ပါ"

"ဟင် . . ဆေးထိုးဖို့"

ဆေးထိုးဖို့ဟူသော စကားကြောင့် ဇာနည် လန့်သွားသည်။ သူက ဆေးထိုးရမှာကြောက်သူ။

"ဟို. . . ဟို ဆေးမထိုးလို့ မရဘူးလား"

"မရဘူးဗျ။ ခေါင်းမူးနေတုန်းပဲဆိုတော့ စိတ်ချရတဲ့ အနေအထားမရှိသေးဘူး၊ ဒါကြောင့် ဆေးကိုထိုးရမှာ"

ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဇာနည် မဟတ်သာသည့်အဆုံး မှောက်ပေးလိုက်ရသည်။

"အီး(စ်)"

တင်ပါးတစ်ဖက် အောင့်ခနဲ၊ ခြေမကြီးကို ကားနေတာ။ ဝမ်းသာအားရ ထမည်ကြံတုန်းမှာပင်. . .

"နေဦး. . . တစ်လုံးကျန်သေးတယ်"

"ဗျာ"

"ရောဂါအခြေအနေအရ ပိုစိတ်ချရအောင်ပါ"

ဘာမှမတတ်နိုင်၊ ပြန်ပြောလို့လည်း မဖြစ်။ ကိုယ့်ဘာသာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆော့ပြီး ခံရတာကိုး၊

"အိ(စ်)"

ခြေမသာမက ခြေသန်းပါ ကားသွား၏၊

♦ ♦ ♦







"အဟင့် . . အဟင့် . . . ငါ့မှာ ခြေမကြီးကိုကားနေတော့တာကွာ"

ဇာနည့်စကားကို သူငယ်ချင်းများက ပြုံးစေ့စေ့လုပ်နေကြသည်၊ ဇာနည်ကသာဆက်၍ . . .

"ဩော် . . . ငါ့မှာတော့ ခုနက မျက်ဝန်းနက်နက်နဲ့ ဆရာမလေး ပြန်လာမယ်ထင်ပြီးတော့ ဟန်ဆောင်လိုက်ရတာကွာ၊ နောက်တကယ်လာတော့ ဆရာဝန်ထီးကြီးတစ်ယောက်ဖြစ်နေတယ်"

သူငယ်ချင်းများစိတ်ပါကား မပါ



www.burmeseclassic.com

www.burmeseclassic.com



ကားမသိ၊ ဇာနည်ကိုပြုံး၍ကြည့်နေသည်၊ ဇာနည်ကသာဆေးခန်းတုန်းက ဖြစ်ခဲ့သမျှကို ပြန်သတိရဟန်ဖြင့် တွေတွေကြီးငေးရင်း . . .

"တင်မောင်လွင်ပြောသလို ချစ်ခြင်းအစမျက်စိက ငါယုံသွားပြီကွာ"

သူငယ်ချင်းအားလုံး ချက်မှာကိုရွှဲမဲ့စွာ တစ်ဘက်သို့လှည့်သွားကြ၏၊ သူ့ရုပ်နှင့်သူ့စကားလုံး လမိုင်းမကပ်လွန်း၍ဖြစ်မည်။

"ငါ ဘယ်လိုလုပ်ရမလဲဟင်၊ ငါဘယ်လိုလုပ်ရမလဲ၊ ငါဆရာဝန်မလေးကိုချစ်မိနေပြီ၊ ငါဘယ်လိုလုပ်ရမလဲ၊ အကြံလေးများရှိရင်ပေးသနားကြပါဦး"

ဇာနည်၏အမေး။ ဒါကို နံဘေးနားရှိသည့်နေသူက အမြင်ကတ်ကတ်နှင့် . . .

"ဆရာဝန်မကိုကြိုက်ရင် လူမမာဖြစ်ဖို့အရင်ကြိုးစားပေါ့ကွာ၊ မင်းကလည်း ရှင်းရှင်းလေး"

နေသူ၏စကားကို အောင်မျိုးကလည်း . . .

"အေးလေကွာ . . . ကိုယ်ကဆရာဝန်မကို ကြိုက်နေမိတော့ အနီးစပ်ဆုံးဖြစ်အောင် လူမမာဖြစ်အောင် ကြိုးစားလိုက်ပေါ့ကွ၊ ဒါလေးများ"

အောင်မျိုး၏ထောက်ခံမှုကို မောင်တင်မောင်လွင်ကလည်း . . .

"လူအိုကတော့ မင်းဖြစ်နေပြီးသားပဲကွ၊ လူနာသာဖြစ်အောင်ကြိုးစား၊ အေး ကြိုးစားရင်းလူသေဖြစ်သွားရင်တော့ မပြောတတ်ဘူးပေါ့ကွာ"

အားလုံး၏စကားသံကိုကြားတော့ ဇာနည်အားတက်သွားပြီး

"အေး ဟုတ်တယ်၊ လူမမာဖြစ်အောင်ငါကြိုးစားမယ်"

ဟုဆိုရင်းနောက်မှ ပြန်သတိရသွားကာ . . .



"နေဦးကွာ. . . လူမမာဖြစ်ဖို့ဆိုတာကလည်း ငါ့မှာ ပါရမီက မပါဘူးကွ၊ ငါ့မှာတစ်ခါမှတောင် ဖျားဖူးတာမဟုတ်ဘူး"

သူ့စကားကို နေသူက . . .

"အား . . လူမမာဖြစ်ဖို့ကပါရမီလိုလို့လား၊ မမာအောင်နေရင်လူမမာဖြစ်ပြီပေါ့၊ တကတည်း"

"အဲဒီလို မမာအောင်နေဖို့ဆိုရင် ကြာဦးမှာကွ၊ ငါကခုချက်ချင်းဖျား၊ ခုချက်ချင်းဆေးရုံရောက်"

"အောင်မလေး . . ခုချက်ချင်းမျှားသေဦးမလားကွာ၊ ခုချက်ချင်းဆေးရုံရောက်ချင်လည်း မကျန်းမာတဲ့သူ့တွေ့အောင်ရှာပေါ့ကွာ၊ လူမမာတွေ့ရင် ဆေးခန်းပို့၊ မင်းတွေ့ချင်တဲ့ ဆရာမလေးနဲ့တွေ့၊ ဒါလေးများ"

သူ့စကားမဆုံးခင် ဖြတ်ပြောလိုက်သော တင်မောင်လွင်စကားကြောင့် ဇာနည်မျက်နှာကြီးဝင်းလက်သွား၏။ နောက်အရှေ့မှစားပွဲခုံကို ပုတ်ကာ. . .

"အဲဒီတစ်ချက်ကိုငါလွတ်နေတာ၊ ဟုတ်တယ် ငါ့ချစ်ခြင်းရဲ့မြစ်တစ်ဖက်ကိုကူးခတ်ဖို့ လူမမာတည်းဟူသော တံတားကိုရှာရမယ်"

ဆိုပြီး အားလုံးကို လက်ညှိုးငေါ့ထိုးကာ. . .

"မင်းတို့ထဲမှာရော ကျန်းမာရေးမကောင်းတဲ့သူရှိလား"

ဆိုပြီး မေးလိုက်တော့ အားလုံးတွန့်ဝင်ကုန်တယ်၊ ဒီကောင်ကတကယ်လုပ်မယ့်ကောင်ကိုး။

"ဘာလို့မကောင်းရမှာလဲ၊ ငါတို့ကဒေါင်ဒေါင်မြည်ပဲ"

"ဟုတ်ပ့ါ စမ်းချင်စမ်းလို့ရသေးတယ်၊ တင်းရင်းနေတာ"

"ချောင်းလေးတောင် ဆိုးဖူးပေါင်၊ လက္ခဏာမှာပါကြည့်၊ အသက်လမ်းကြောင်းနှစ်ထပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ အကြောက်အကန်ငြင်းကြသည်။ ဒါကိုဇာနည်က တစ်ယောက်စီ အသေအချာကြည့်ပြီး . . .

"မလိမ်ကြပါနဲ့ကွာ၊ မှန်း တင်မောင်လွင် မင်းမျက်သားတွေ ဖြူနေသလိုပဲ၊ ဟုတ်တယ် ဖြူနေတယ်"

"မျက်သားပဲ ဖြူမှာပေါ့ကွ"

"ဟိုကောင်အောင်မျိုး မင်းလည်းမျက်နှာကြီးဝါနေတယ်၊ အသည်းယောင်အသားဝါရှိနေသလိုပဲ၊ သေချာပါပြီ ဒီလောက်ဝါနေရင် ဒီရောဂါပဲ"

"မျက်နှာဝါတာ သနပ်ခါးလိမ်းထားလို့ကွ၊ ဘာမှအသားမဝါဘူး"

"ဟိုကောင်နေသူ မင်းကြည့်ရတာ တစ်နေ့တခြားပိန်ပိန်လာသလိုပဲ၊ ကေနွ"

"ဟောကောင် ငါဝိတ်ကျချင်လို့ ကြိုးစားနေတာကွ၊ ဒါကြောင့်ထင်တယ်လုပ်မနေနဲ့၊ ဘာရောဂါမှမရှိဘူး"

သူငယ်ချင်းတွေကိုစည်းရုံးမရ၍ ဇာနည်စိတ်ပျက်သွား၏။

"လုပ်ပါကွာ. . . . တစ်အောင့်လောက်တော့ ဖျားပေးကြပါ"

အားလုံးကလည်း ခေါင်းခါပြီး

"မဖျားနိုင်ပေါင်ဗျာ. . . တခြားကိစ္စဆိုကူညီမယ်၊ နို့မဟုတ်ရင် ဘုမသိဘမသိနဲ့ ခြေမသွားကားနေရမှာလား"

"အေးလေ . . . တော်ကြာဆေးခန်းရောက်မှ ဆရာဝန်မက ထည့်ဆေးနဲ့ဆော်ထည့်လိုက်လို့ ခြေမကြီးကိုကားနေမှာ၊ ဟီဟိ"

"ဟုတ်ပ့ါ . . ဟုတ်ပ့ါ၊ သူ့ကားဖူးတိုင်း သူများလိုက်ပေးကားချင်နေတာ"

အားလုံး အကြောက်အကန်ငြင်းဆန်နေတော့ ဇာနည်ဘာမှမတတ်နိုင်တော့။ သူ့ခမျာ သူကိုယ်တိုင်လည်းမဖျား၊ သူများတွေကိုလည်း



ဖျားခိုင်း၍မရနှင့် ဆရာဝန်မလေးနေရီမွန်နှင့်တွေ့ရဖို့အရေး ဝေးရင်းသာဝေးနေတော့၏။ သူ့သက်ပြင်းကို ခပ်ပြင်းပြင်းချလိုက်သည်။ ဒါကို အောင်မျိုးက . . .

"ဟောကောင်ရ . . . နေမကောင်းဖြစ်တယ်ဆိုတာ တို့လိုငယ်ငယ်ရွယ်ရွယ်တွေကဖြစ်ခဲတယ်ကွ၊ ဖြစ်တော့လည်းခဏပဲ၊ ဆေးတော်ကြီးမှီဝဲလိုက်ရင် အဖျားပိုးပါ ရှူးကြောင်မှုးကြောင်နဲ့ လည်ထွက်သွားမယ်၊ လူကြီးတွေကမှသာ"

လူကြီးတွေဟူသောစကားကြားတော့ ဇာနည်ခေါင်းပြန်ထောင်လာ၏။ ပြီးမှ . . .

"ဟုတ်တယ် လူကြီးတွေဆို ချူချာကြတယ်၊ ဟုတ်တယ်၊ လူမမာအရှာထွက်ရမယ်"

ဟု ဆုံးဖြတ်ပြီး. . .

"ကဲ . . . သူငယ်ချင်းတို့ ငါ ဆရာမလေးနေရီမွန်နဲ့ တွေ့ရဖို့ လူမမာအရှာထွက်ဦးမယ်"

ဟုဆိုကာ ခပ်သုတ်သုတ် လှမ်းထွက်သွားလေသည်။ သူငယ်ချင်းများက သူတို့၏အူကြောင်ကြောင်ကောင်ကို ငေးရင်းသာကျန်ခဲ့ကြလေသည်။ စကားကတော့ သိတယ်မဟုတ်လား။

"တကယ့်ကြောင် (Really Cat Man)"ဟူ၍။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com





အချစ်သည် အဖျားရောဂါနှင့် ခပ်ဆင်ဆင်တူပေလိမ့်မည်။ ဆေးပညာ၏ အဆိုအရ လူတိုင်းသည်အချစ်အကြောင်း ကိုတွေးနေချိန်ဝယ်သွေးနွေးနေတတ်သည် ဟုဆိုကြသည်။ မယုံကြည်လျှင် ကိုယ့်နဖူး ကိုကိုယ်ပြန်စမ်းပြီး အချစ်အကြောင်း စဉ်း စားကြည့်လိုက်ပါ။ ခန္ဓာကိုယ်သည်အနည်း ငယ်ပူနွေးလာကြောင်းတွေ့ရပေမည်။

ဤသို့ပင် အချစ်အတွက် နဂို သွေးနွေးနေတတ်သူများအတွက်တော့ ကိုယ့်ချစ်သူ၏ မျက်နှာကိုစိတ်ကူးယဉ်မိ





တိုင်း အဖျားတက်လာသလို ခံစားကြရလိမ့်မည်ပင်။ မိမိနှင့် လိုက်ဖက် သင့်တင့်သော ရောဂါဖြစ်ရန်သာလိုပေလိမ့်မည်။ ကိုယ်က တုတ်ကွေး လောက်သာ ခံနိုင်ရည်ရှိပါလျက် ငှက်ဖျားရောဂါပိုးလောက်ခံစားလိုလျှင် သေဖွယ်ရာလမ်းသာ ရှိပေလိမ့်မည်။

ဤသို့ပင် အချစ်သည်လည်း ကိုယ့်အတွက် ခံနိုင်ရည်ပမာဏ လောက်သာ ထားရှိခြင်းသာ ကောင်းပေလိမ့်မည်။ ကိုယ့် ခံနိုင်ရည်ထက်လွန် ကဲ၍ ခံစားနေလျှင်တော့

"သေပါပြီ ငါ့ကောင်ပဲ"

တစ်ခါတစ်ရံ၌လည်း အချစ်သည် မိမိနှင့်မလှမ်းမကမ်းတွင်ရှိနေ သည်ကိုသိသော်လည်း မမိနိုင်သောနေရာမျိုး၌ သူ့ဘာသာသူရှိနေတတ်၏။ ထိုမမီရာနေရာကို ကြိုးစားမျှော်မှန်းနေသည်ကလည်း

"သေမှာပါ ငါ့ကောင်ပဲ"

ရှင်းလင်းသွားစေရန် သာဓကတစ်ခုပြပါမည်။ အချစ်သည်ထို နေရာ၌ရှိနေ၏လို့မှတ်ပါ။ တိရစ္ဆာန်များအတွက်သာ သီးသန့်အစားအ သောက် ရောင်းဆိုင်သို့ မိန်းမကြီးတစ်ယောက်ရောက်လာ၏။

"ကျွန်မအတွက် ကြောင်စာနည်းနည်းလောက် ရောင်းပေးပါ"

"ဘယ်နှစ်ကောင်စာလည်း"

ဈေးရောင်းသူကချိုသာစွာပြန်မေး၏။ မိန်းမကြီးက မျက်မှောင် ကြုတ်၍ . . .

"အင်း ဆယ်ကောင်စာလောက်ပါ"

မိန်းမကြီး၏စကားကို ဈေးရောင်းသူကတအံ့တဩနှင့် . . .

"ဟယ် ကြောင်ကို ဆယ်ကောင်တောင် မွေးထားတာလား"

"ကြောင်မရှိပါဘူး၊ အခုဟာက ကျွန်မယောက်ျားကိုကျွေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးစကားကြောင့် ဈေးရောင်းသူ မျက်လုံးပြူးသွားကာ. . .

"ဟင် . . . ကြောင်စာကိုလူကျွေးရင်သေသွားမှာပေါ့၊ ကျွေးလို့မရဘူးလေ၊ သေတတ်တယ်"

ဈေးရောင်းသူစကားကို မိန်းမကြီးက ခပ်တည်တည်နှင့်. . .

"ကျွန်မအလုပ်ကျွန်မသိတယ်၊ ကြောင်စာသာထည့်ပေးပါ"

ဈေးရောင်းသူလည်းစိတ်မသက်မသာနှင့် ကြောင်စာများကိုထုတ်ပိုးပေးရင်း ကြောင်စာကိုလူစားမိလျှင် သေတတ်ကြောင်း တဖွဖွမှာကြားလိုက်လေသည်။

သိပ်မကြာသောရက်အတွင်း ထိုဆိုင်ရှေ့သို့ ကြောင်စာဝယ်သွားသူ မိန်းမကြီးတစ်ယောက်တည်း ဖြတ်သွားသည်ကိုမြင်၍ဈေးရောင်းသူက

"အစ်မကြီး ကြောင်စာမဝယ်တော့ဘူးလား"

"မလိုတော့ဘူးလေ"

မိန်းမကြီးစကားကြောင့် ဈေးရောင်းသူမိန်းမလည်း ထိတ်ခနဲဖြစ်သွားပြီး . . .

"ဒါနဲ့အစ်မကြီး ယောက်ျားရော"

"သေပြီ"

မိန်းမကြီး၏ ခပ်ပြတ်ပြတ်စကားကိုကြားတော့ ဈေးရောင်းသူလည်းစိတ်ဆိုးသွား၏။

"အဲဒါကြောင့်ပြောတာပေါ့၊ ကြောင်စာကိုလူကျွေးရင် သေမယ်လို့"

ဆိုတော့ မိန်းမကြီးကခပ်အေးအေးလေသံဖြင့် . . .

"ကျွန်မယောက်ျားသေတာ ကြောင်စာနဲ့ဘာမှမဆိုင်ပါဘူး"

ဤသို့ပင် အချစ်သည်ကိုယ့်အနီးအနားတွင်ရှိနေသည်မှာ မှန်





သော်လည်း မမိမကမ်းနေရာတွင်ဖြစ်နေတတ်ပါသည်။ ထိုအရာကိုမှ မျှော်လင့်ချက်နှင့်ကြိုးစားနေခဲ့လျှင်

"ဇက်ကျိုးသေမှာပေါ့ ငါ့ကောင်ရဲ့"

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com





ချစ်သူ
နေ့ညများနှင့်အတူ
ချစ်သူကိုတွေ့ရန်
နှလုံးသားက စောင့်တနေမိတယ်
ခဏတာတွေ့ဆုံလိုက်ရခြင်းသည်လည်း
အားလုံးကို ဖျက်ဆီးတတ်သော
သေခြင်းတရားကို လက်ကိုင်ထားခြင်းနှင့်တူပေစွ။

မြက်ခင်းနဲ့ မြေပြင်လို
ချစ်သူနှင့် ငါ့နှလုံးသား
နီးကပ်စွာ တည်ရှိနေလို၏။

မိုးကုပ်စက်ဝိုင်းတွင် မြင်နေရသော
ကောင်းကင်နှင့် မြေပြင်ဆက်စပ်လျက်ရှိသည့်
သက်တံကြီးသာ ငါဖြစ်ခဲ့လျှင်
သေခြင်းတရားကို လက်ကိုင်ထားခြင်းနှင့်ပင် တူနေလိမ့်မည်။







အိမ်ထဲမှာပင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း ဂနာမငြိမ်ဖြစ်နေရသော သားတော်မောင်ဇာနည်ကို ဒေါ်ဆွေသန်း ကြောင်ပြီးလိုက်ငေးကြည့်နေမိသည်။ ခါတိုင်း ဂနာမငြိမ်တာနှင့်မတူ။ ယခုဟာက တစ်ခုခုကို အသေအချာစဉ်းစား၍ ဂနာမငြိမ်ဖြစ်နေပုံမျိုး။ အတန်ကြာမှ သူ့နားစောင်းငန်းစောင်းငန်းတိုးကပ်လာပြီး နဖူးကိုလာစမ်းသည်။ နောက်မျက်လုံးကို ဖြဲကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆွေသန်းကလည်း သူ့သားဘာလုပ်နေမှန်းမသိ၍ ကြောင်ပြီး ငေးကြည့်နေမိသည်။

"အမေ လျှာထုတ်ပြကြည့်စမ်း"

ဇာနည့်စကားကြောင့် ဒေါ်ဆွေသန်းယောင်ပြီး လျှာထုတ်ပြမလို လုပ်ပြီးမှ . . .

"ဟယ် ငါကမကြီးမငယ်နဲ့ ဘာလို့လျှာထုတ်ပြရမှာလဲ"

"အကြောင်းရှိလို့ပါ လျှာထုတ်ပြကြည့်စမ်းပါ"

ဒေါ်ဆွေသန်းလည်း သားတော်မောင်ငပေါအလိုကျ လျှာထုတ်ပြရသည်၊ ဒါကိုဇာနည်က အသေအချာကြည့်ပြီး . . .

"အမေ နေမကောင်းဖြစ်နေပြီ"

"အမ်"

ဇာနည့်စကားကြောင့် ဒေါ်ဆွေသန်းကြောင်သွားသေး၏။ နောက်မှသတိရပြီး . . .

"အိုး . . . ငါက ဘာလို့ နေမကောင်းဖြစ်ရမှာလဲ. . ကျန်းမာတာမှ ဒေါင်ဒေါင်မြည်ပဲဟာကို"

ဒေါ်ဆွေသန်းစကားကို ဇာနည်ကသက်ပြင်းချကာ ခေါင်းကို လေးတွဲ့စွာခါလိုက်ပြီး . . .

"အမေ ဖျားနေတာ အမေမသိဘူး၊ ကျွန်တော်သိတယ်"

"ဟဲ့ . . . ငါဖျားတာ ငါသိမှာပေါ့၊ နင်ကဘယ်လိုလုပ်ပြီး ကာယကံရှင်ထက်ပိုသိမှာတုန်း ငတုံးရဲ့"

ဇာနည်က ခေါင်းကိုခပ်ဖြည်းဖြည်းထပ်ခါသည်။

"အမေ့မျက်လုံးက သွေးကြောတွေရော အမေ့လျှာရော ဖြူနေပြီ၊ ဒါမျိုးဟာနေမကောင်းဖြစ်သူတွေမှာ ပေါ်တတ်တဲ့လက္ခဏာမျိုးပဲ"



ဇာနည်တစ်ကိုယ်လုံး ဖျော့ကျပြီး ဝုန်းခနဲလဲကျမတတ်ပဲ။ ဒီနည်းကသူ့နည်း။ သူပဲ အမေ့ကိုပြောပြခဲ့တာ၊ ဒီနည်းသာအမေမသိရင် သေချာပေါက်ဆေးခန်းရောက်တယ်၊ တွေးရင်းတွေးရင်း သူ့ကိုယ်သူအပြစ်တင်မိတယ်။

"တောက် . . . ဒါကြောင့် ရှေးလူကြီးများပြောတာပေါ့၊ ဟင်းစားသာပေး၊ ကွန်ချက်မပြနဲ့ဆိုတာ၊ အမေသာ ဒီကွန်ချက်ကိုမသိရင် သေချာပေါက် လူနာတစ်ယောက်ရတယ်၊ အခုလောက်ဆိုဆေးခန်းမှာ ဆရာဝန်မလေးနဲ့ မျက်လုံးချင်းတောင်အိစီကလီရိုက်နေလောက်ပြီ၊ အခု တော့"

သူ၏ အားကြိုးမာန်တက်လုပ်ဆောင်မှုများက သဲထဲရေသွန်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဤလက်ဖက်ရည်ဆိုင်ကလေးမှာ အမိုးမပါသော်လည်း သစ်ပင်ရိပ်များဖြင့် အေးနေသည်။ မလေးရှားပိတောက်ပင်၊ စွယ်တော်ပင်၊ တာဒ်ပင်များဖြင့် စိုပြည်နေသောထိုဆိုင်ကလေးသည် နွေလယ်နေ့ခင်း အပူရှောင်ဂျန်နှင့် အနားယူရန်အကောင်းဆုံးပင်။

ထိုအထဲမှာမှ ရင်ထဲအပူများနှင့် အပူလောင်သူတစ်ယောက်ကတော့ သူငယ်ချင်းများရှေ့ မျက်နှာငယ်ကလေးဖြင့် ငြိမ်လို့။



"စဉ်းစားကြည့်ပါဦးကွာ၊ ငါ့မှာအင်မတန်ဖြစ်ရလွယ်တဲ့ လူမမာ မဖြစ်နိုင်ဘူး"

ဘယ်လောက် နားရင်းဖြတ်အုပ်ချင်စရာ ကောင်းလဲဆိုတာ စဉ်းစားသာကြည့်။ အခင်ဆုံးသူငယ်ချင်းများပါ မျက်နှာရှုံ့ကုန်၏။ ငတိကသာ မျက်နှာသေလေးနှင့် . . .

"ရပ်ကွက်ထဲလည်း လှည့်ပတ်စုံစမ်းပါတယ်ကွာ၊ မကျန်းမာတဲ့ သူတစ်ယောက်မှမတွေ့ဘူး၊ အမှန်ဆို ဒီလောက်အပူရှိန်နဲ့ လူကြီးတွေ နာကိုနာရမှာ၊ ကံဆိုးစွာပဲ မနာကြဘူးဆို၊ တောက် . . . မနှစ်ကတောင် သုံးလေးယောက်ဆုံးသေးတာပဲကွ၊ နေ့ ဟေ့ကောင်တွေ"

ဇာနည်က သူ့စကားဟိုကောင်တွေ စိတ်မဝင်စားတော့မှန်းသိ၍ ပြန်ခေါ်လိုက်သည်။ သူငယ်ချင်းများက သူ့ကိုစောင်းငဲ့ကြည့်ကြသည်။ ထို့တော့မှ သူလည်းစကားကိုဆက်၍

"မနေ့ကလည်းကွာ ဟိုဖက်လမ်းက ဦးထွန်းတင်ကြီး တုတ်ကွေးဖြစ်လို့ဆိုပြီး ငါ့မှာဝမ်းသာအားရသွားတာ၊ နှစ်ရက်သုံးရက်မထနိုင်တဲ့ လူကြီးငါ့လည်းမြင်ရော ငုတ်တုတ်ကိုထထိုင်တော့တာပဲ၊ ဒီလူကြီးကိုက ကိုယ်ချင်းစာစိတ်မရှိတာပါကွာ၊ အမှန် ငါ့ဘဝကိုစာနာပြီး လူမှုရေးအရ သူဆက်ပြီး မဖျားပေးသင့်ဘူးလားဟင်၊ လူချင်းဒီလောက်ခင်နေတာကွာ"

ဩော် သူဆေးခန်းသွားချင်တိုင်း ကျန်းမာတဲ့သူတွေကို မေတ္တာပို့နေတာလေ။ ကြာတော့ ဟိုကောင်တွေလည်းသည်းမခံနိုင်ရောလား၊ ခွင်ဝင်လာ၍လားမသိ၊ နေသူက ပြုံးဖြဲဖြဲမျက်နှာနှင့် . . .

"ဒီမှာဇာနည်. . . မင်းကို သတင်းကောင်းတစ်ခုပေးမယ်"

သတင်းကောင်းဆိုသည်နှင့် ဇာနည်မျက်လုံးအရောင်လက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဘာသတင်းလဲ၊ ဆရာမလေးနဲ့တွေ့ရဖို့လား"

သူ့အမေးကို နေသူကပြုံး၍ခေါင်းညိတ်ရင်း . . .

"မင်းကြိုးစားရင် ကြိုးစားသလောက်တော့ ဖြစ်နိုင်တာပေါ့ကွာ"

"ကြိုးစားရင် ကြိုးစားသလောက်၊ စိတ်ဝင်စားပြီပြော"

"ဒီအတိုင်းတော့မရဘူးကွ၊ တန်ရာတန်ကြေးတော့ပေးရမယ် များများမဟုတ်ပါဘူး၊ တစ်ပိုင်းထဲပါ"

ဇာနည်မျက်မှောင်ကြုတ်သွား၏။

"တစ်ပိုင်းဟုတ်လား. . မင်းသတင်းက တစ်ပိုင်းစာတန်လို့လား"

သူ့အမေးကို နေသူက ခပ်ဟဟရယ်လိုက်သည်၊ ပြီးမှ . . .

"တစ်ပိုင်းတန် . . မတန် မင်းပဲဆုံးဖြတ်လေ"

ဆိုတော့ ဇာနည်ပိုစိတ်ဝင်စားသွားသည်၊ ထို့ကြောင့် . . .

"အင်း . . . ပြော"

သူ ခွင့်ပြုလိုက်သည်နှင့် နေသူကသူ့နားကပ်လာပြီး

"ငါ . . . လူမမာတစ်ယောက် တွေ့ထားတယ်"

လူမမာအသံကြားတော့ ဇာနည်လှုပ်လှုပ်ရှရှဖြစ်သွား၏။ နေသူမှ ပင်ဆက်၍

"အဲဒီလူမမာက ဆယ်ရက်ဆယ့်ငါးရက်ကနေ နာတာရှည်လည်း ဖြစ်သွားနိုင်တယ်"

နာတာရှည်ဆိုသည့်စကားက ဇာနည့်ကို သဘောခွေ့သွားစေ၏။

"နာတာရှည် ဟုတ်လား၊ ကြိုက်ပြီ၊ ဒါဆိုဆရာမလေးနဲ့အကြာ ကြီးတွေ့ရပြီ၊ ဟီဟိ"

ဆိုပြီးအူမြူးနေသေး၏၊ နောက်မှ သတိရသွားသလိုဖြင့် မျက်မှောင်ကြုတ်ပြီး . . .





"နေဦးကွ. . . အဲဒီလူ နာတာရှည်သေချာပေါက်ဖြစ်မယ်ဆိုတာ မင်းအာမခံလား"

သူ့အမေးကိုနေသူက ခါးကိုမတ်၍ သူ့ကိုပြန်ကြည့်ကာ . . .

"ဒါကတော့ ငါကိုယ်တိုင်ရောဂါသည်မှမဟုတ်တာ ဘယ်သိပါ့မလဲ၊ အနည်းဆုံးဆယ်ရက် ဆယ့်ငါးရက်ကတော့ လူနာကိုယ်စား ငါဂရမ်တီပေးတယ်ကွာ၊ ဆယ့်လေးငါးရက်ဆိုလည်း မင်းတစ်ပိုင်းနဲ့က တန်ပါတယ်"

နေသူ့စကားကို ဇာနည်ကသွားလေးဖြဲပြီး . . .

"ဟီးဟီး . . . အဲဒါလည်းဟုတ်သားကွ၊ မင်းဖျားတာမှ မဟုတ်တာ၊ လူနာကိုယ်စားအာမခံနိုင်တာကို လွန်လှပြီ၊ မင်းသာဆိုနာတာရှည်ကနေ သေလို့တောင်ရတယ်၊ ကိုယ့်သူငယ်ချင်းအတွက်ပဲဟုတ်ဖူးလား၊ နော့ ဟော့ကောင်၊ ဒါနဲ့ ခဏဘယ်သူ"

သူ့အမေးကိုနေသူက ချက်ချင်းမဖြေသေးဘဲ သူ့ကို ပြန်ကြည့်ကာ

"မင်းကတိတော့ တည်ပါ

အဲဒီလူမမာက ဆယ်ရက်
ဆယ့်ငါးရက်ကနေ နာတာရှည်
လည်း ဖြစ်သွားနိုင်တယ်...



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်"

ဇာနည်က ခေါင်းကိုခပ်သွက်သွက်ညိတ်ကာ

"တည်ပါတယ်ကွာ၊ တည်တဲ့အပြင် ငါကတောင်ထပ်တိုးပေးဦးမယ်၊ လေးငါးဆယ်ရက်ဆို ဝိုင်းကြီးတစ်ဝိုင်း၊ နာတာရှည်ဆို နေ့စဉ်ရှယ်ကွာ"

ဆိုတော့မှ နေသူသဘောကျသွားကာ ကျန်သူများဘက်လှည့်၍

"အားလုံးကြားတယ်နော် ဒီကောင့်စကားကို"

အားလုံးကလည်း အလကားဝါးရမည့်အရေးမို့ အားရပါးရခေါင်းညိတ်ကြသည်။ ကြော် လူမမာ အရောင်းအဝယ် လုပ်နေကြတာလေ။ ဖျားတဲ့သူက သူ့ဘာသာသူ့အိမ်ထဲဖျားတာကို ကြားကအရောင်းအဝယ်ဖြစ်နေကြတာ။ အဲဒီလူမမာသာ ကြားလို့ကတော့ ငုတ်တုတ်ကို သေသွားမလားပဲ။ မသေ ရင်တောင် လေလောက်တော့ဖြတ်နိုင်တယ်။

"ပြောမယ်ဆိုလည်း မြန်မြန်ပြောစမ်းပါ၊ သိချင်လှပြီ"

ဇာနည်၏အားတက်သရောအမေး။ ဒါကိုနေသူက မည်သူမျှမကြားစေချင်ဟန်နှင့် အသံလေးနှိမ့်ပြီး . . .

"ငါတို့အိမ်ခေါင်းရင်းက ဦးဝပုသိလား"

ဇာနည် မျက်မှောင်ကျုံ့သွား၏။

"ဦးဝပု ဘယ်. . . ဦးဝပုလဲ"

ကျွတ်ခနဲ စုတ်သပ်သည်။

"မင်းကလည်းကွာ တို့အိမ်ခေါင်းရင်း တစ်အိမ်ကျော်ကလေ သူ့သမီးလှိုင်လှိုင်ကြူ ဟိုတရုတ်မကြီးကွာ"

စကားပင်မဆုံးလိုက်၊ 'ဖလွတ်'ခနဲအသံ ကြားလိုက်သည်။ ဇာနည် ပြောတာ မှုလို့၊ ပြောတာတောင်မှ ရိုးရိုးမပြော။ တဟီးဟီး တဟားဟားရယ်၍





"ဟားဟားဟား . . . ဗိုင်ပြီကွာ၊ ဗိုင်ပြီ၊ ဒီလူနာ ငါဗိုင်ပြီ ဟီးဟီးဟီး"

ဆို၍ အားရဝမ်းသာ ရယ်မောရင်း ပြေးထွက်သွားလေသည်။

◆ ◆ ◆



www.burmeseclassic.com



ဇာနည် ဦးဝပုတို့အိမ်ခါးပန်း ရောက်သည်နှင့် . . .

"စိတ်မပူပါနဲ့ ကောင်းသွားမှာပါ၊ ရာသီဥတုပြောင်းလွန်းလို့ဖြစ်တာပါ"

ဟူသောအသံကြားရ၏။ ကြည့်လိုက်တော့ ဆရာဝန်တစ်ယောက်၊ ဦးဝပုကိုစစ်ဆေးစမ်းသပ်ပြီး နှစ်သိမ့်နေသ၊ ဇာနည် ဂရုမစိုက်နိုင်ဘဲ ဦးဝပုနား ပြေးကပ်လိုက်သည်၊ သူ့ကိုရုတ်တရက်ကြီး မြင်တော့ ဦးဝပုပင် . . .

"ဟင် . . ဘာကြီးလဲဟ"





ဆိုပြီးကြောင်သွား၏၊ အရင်ကလည်း သိပ်ရင်းနှီးသူလည်းမဟုတ်၊ နှုတ်ဆက်စကားပြောဖူးသူပင်မဟုတ်၍ အံ့အားသင့်သွားခြင်းဖြစ်၏၊ ဇာနည်ကသာ မျက်နှာဖြဖြင့်

"ဟိုတစ်နေ့ထဲက လူနာသတင်းလာမေးမလို့"

သူ့စကားကြားတော့ ဦးဝပုမျက်လုံးပြူးသွားကာ

"ဟင် . . . ငါ . . ငါဖျားတာမှ မနေ့ညနေကမှ ကောက်ကာငင်ကာဖျားတာ"

ဦးဝပု၏အပြောကြောင့် ဇာနည်မျက်နှာပျက်မလိုဖြစ်သွားသေး၏၊ သို့ သော် မည်သူနှင့်ယှဉ်ယှဉ် သူမှဝမ်းတွင်းအစစ်ဟု ဆိုရလောက်အောင် စခွင့်ပြောင်သောအနိုင်တီမှ ခေါင်းကိုခပ်ဖွဖွကုပ်၊ သွားလေးဖြဲကာ

"အဟဲ . . . ဦးကမနေ့ကဖျားပေမယ့် ကျွန်တော်ကတစ်နေ့ထဲက သိတာ၊ ဒိုဗျာ ပြီးခဲ့တဲ့အပတ်ထဲကကြို့သိနေတယ်၊ မနောလေ ဟဲဟဲ မနော"

ဇာနည့်စကားကြောင့် အပြင်းဖျား၍အိပ်ရာထဲလဲနေသော ဦးဝပု ခေါင်းထောင်လာပြီး

"မင်း . . . မင်းက ငါဖျားမယ်ဆိုတာ ပြီးခဲ့တဲ့အပတ်ထဲကကြို သိနေတယ်၊ ဒါဆိုဘာလို့လာမတားလဲဟင်"

ဦးဝပု၏ယောင်နနစကား၊ ပြော် . . . သူတို့လက်ယက်ကျမှ အဖျားကိုကြိုသိပြီး ကြိုတားရသတဲ့၊ ဒါကို ဟိုဝမ်းတွင်းရှူးကလည်း

"ဟုတ်တယ်ဦးရဲ့၊ ဟီးဟီး . . မနောလေ မနော . . . ကဲ ဒီအကြောင်းတွေ ပြောနေရင်ရှည်ပါတယ်၊ လာ ဆေးခန်းသွားပြရအောင်"

သူ့စကားကို ဦးဝပုက နံဘေးနားကစမ်းသပ်နေသည့် ဆရာဝန်ကို လက်ညှိုးညွှန်ကာ

"ဒီမှာဆရာဝန်နဲ့ အိမ်ပင့်ပြီးပြပြီးပြီလေ၊ ဘာလို့ဆေးခန်းသွား



www.burmeseclassic.com

www.burmeseclassic.com



ရမှာလဲ"

ဆိုတော့ဇာနည်က ဆရာဝန်ကိုမတူမတန်သလို တစ်ချက်သာကြည့်ပြီး

"ဟာဒီဆရာဝန်တွေက မစွံပါဘူး၊ အာပလာတွေပါ၊ ဟိုနားက အထူးကုဆေးခန်းကဆရာဝန်တွေကမှ တကယ်တော်တာ"

သူ့စကားကြောင့် နံဘေးနားကဆရာဝန်လည်း ဒေါသထွက်သွားပြီး

"ဘာကွ. . . ဟေ့ကောင် မင်းငါ့ကိုစော်ကားတာလား"

ဆရာဝန်၏အမေးကိုဇာနည်က အဖက်မတန်သလိုဖြင့်

"ဆရာ့ကိုမစော်ကားပါဘူး၊ ဆရာ့ပညာကိုမယုံတာပါ"

"ဟင် . . . ငါ့ပညာ၊ ဟေ့ကောင် နိုင်ငံခြားမှာဘွဲ့လွန်ယူပြီး ပြန်လာတာကွ၊ ပတ်ဝန်းကျင်ကိုမေးကြည့်၊ လူတိုင်းသိတယ်"

ဆရာဝန်၏ ဒေါသတကြီးစကားကို ဇာနည်ကသက်ပြင်းချပြီး

"တွေ့လား. . . နိုင်ငံခြားမှာ ပညာသင်လာတဲ့လူက မြန်မာ့ရောဂါရဲ့ဇစ်မြစ်ကို ဘယ်လိုသိမှာလဲ၊ လာပါဦးလေးရာ ပစ္စည်းတွေထုပ် ဆေးခန်းသာသွားရအောင်"

ဇာနည်က သူသွားချင်သောဆေးခန်းကိုသာ ဇွတ်ခေါ်နေ၏။ ဒါကို ဘေးနားကဆရာဝန်က ပိုတင်းသွားပြီး

"ဟေ့ကောင်. . မင်း. . . မင်းလွန်လာပြီနော်၊ မင်းငါ့ကိုလည်း စော်ကားတယ်၊ ငါ့ပညာကိုလည်းစော်ကားတယ်၊ မင်းကဘာကောင်မို့လဲ"

ဟုဆိုကာ လဲနေသောလူမမာဦးဝပုဘက်လှည့်၍

"ဗိုမယ်ဦးဝပု. . . ဒီကောင်ဘယ်ကကောင်လဲ၊ ဦးဝပုနဲ့ဘာတော်လဲ"





ဆရာဝန်၏ဒေါသတကြီးစကားလုံးကို ဦးဝပုကမျက်လုံးလေး ကလယ်ကလယ်နှင့် လက်ခါပြကာ

"ဘာမှ . . . ဘာမှမတော်ပါဘူးဒေါက်တာရယ်၊ အခုမှ"

"အခုမှတွေ ဘာတွေလုပ်မနေနဲ့ဦးဝပု၊ အစကတည်းက ဒီလိုကောင်မျိုးနဲ့ ဦးဝပုပေါင်းနေမှန်းသိရင် ကျွန်တော် ဦးဝပုတို့မိသားစုနဲ့ မဆက်ဆံခဲ့ဘူး၊ ဒါပဲ"

ဟုဆိုကာ ဆေးအိတ်ထဲသူ့ပစ္စည်းများ ဘောက်ဆတ်ဘောက်ဆတ်နဲ့ ကောက်ထည့်ကာ ကမူးရှူးထိုးနှင့်အိမ်ပေါ်မှဆင်းချသွားလေ၏။ ဆရာဝန်ဆင်းသွားတာမြင်တော့ ဇာနည့်ရင်ထဲကြိတ်ပျော်သွားသည်။ ဆရာဝန်တစ်ရန်အေးသွားပြီမို့ သူသွားချင်သောဆေးခန်းသို့ ဦးဝပုကိုအသာလေး စည်းရုံးခေါ်သွားရုံပေါ့၊ မပိုင်လား။ အားလုံးစရိတ်ငြိမ်းဆိုတော့ ဦးဝပုလည်း ငြင်းနိုင်မည်မထင်။

သူ့အတွေးနှင့် ပြုံးပြုံးကြီးဖြစ်နေတုန်းမှာပင် ဦးဝပုစောင်ခြုံထဲက ဝုန်းခနဲခုန်ထလာပြီး

"ဟင် . . . မင်း . . . မင်းငါ့ခွင်ကိုဘာလုပ်တာလဲကွ၊ ဟေ"

"ဟင်"

ဦးဝပုကို ခုနကလို လူမမာလိုမဟုတ်ဘဲအလတ်ကြီး အထောင်လိုက်ကြီးမြင်လိုက်ရတော့ ဇာနည်အံ့အားသင့်သွားသည်။ နောက် ဇဝေဇဝါနှင့်

"ဟာ . . ဦး . . . ဦး ဖျားနေတာမဟုတ်ဘူးလား"

သူ့အမေးကိုဦးဝပုက ခါးကြီးထောက်ပြီး

"ဘယ့်နှယ်ဖျားရမှာလဲကွ ဟင်၊ ငါ့မှာတော့ တစ်လကိုး သိန်းဒီလောက် ကြက်သွန်နီဈေးကြီးတဲ့ခေတ်ကြီးမှာ ကြက်သွန်နီ ကြီးခိုင်းကြား



www.burmeseclassic.com

www.burmeseclassic.com



ညှပ်လို့ ကိုယ်ပူအောင်လုပ်ဖျားချင်ယောင်ဆောင်ပြီး ဆရာဝန်လေးနဲ့ ငါ့သမီးလဲ့လဲ့ကြူကို နီးစပ်အောင်ကြံနေတာကွ၊ အခု မင်းဝင်ရှုပ်လို့ ငါ့ခွင် ကပျက်ပြီ"

"ဗျာ"

ဦးဝပုစကားကြောင့် ဇာနည်ကြောင်သွား၏။ နောက်မှ ကြော် ဆရာဝန်တွေကိုကြိုက်နေတာ ငါတစ်ယောက်တည်းမဟုတ်ပါလား။ ဦးဝပု ကြီးပါ ပါနေပါလားဟူ၍စဉ်းစားမိသေး၏၊ ဟင် ကျားအချင်းချင်းကြီး ဘာ လို့ကြိုက်ပါလိမ့်။ ထိုအချိန်မှာပင် ဦးပပုက

"သွားပါပြီ . . . သွားပါပြီ၊ ကျွန်တော့်ရည်မှန်းချက် တွေးလျက် နဲ့ပျော်သည်ပျော်သည် ဖြစ်နေရာကနေ အခုမင်းဝင်ရှုပ်လို့ ခွင်ပျက်ရပြီ၊ ဆရာဝန်ယောက္ခမဖြစ်ရေးစီမံကိန်း မင်းကြောင့်ပျက်ပြီ၊ ဟော့ ကျက်သရေ တုံးကောင် မင်းငါ့အိမ်ပေါ်ကခုချက်ချင်းဆင်းစမ်း၊ မင်းမျက်နှာ ငါမကြည့် ချင်ဘူး၊ အခု ဖြတ်ရိုက်လိုက်မိတော့မယ် ဆင်းသွား"

ဦးဝပု၏ဒေါသတကြီးအော်သံကြောင့် ဇာနည်ဘာလုပ်လို့ လုပ်ရ မှန်းမသိဘဲ ယောင်နနဖြစ်နေ၏။ ဟိုဟာပဲယူရနိုး၊ ဒီဟာပဲ လှမ်းဆွဲရနိုးနဲ့ ကြောင်နေသည်။

"ဟောကောင်ဗရုတ် ဆင်းသွားလို့ပြောနေတာ မရဘူးလား၊ ငါ . . တယ်လုပ်လိုက်ရ ဟဲ့ . . . မိပန်းကျင်"

"ရှမ်"

"နင်သုံးသုံးနေတဲ့ တစ်တောင်လောက်ဟာကြီးယူခဲ့စမ်း"

"ဟို . . . ရေတ်ကျည်ပွေ့ဆိုလား၊ ဘာလား"

"ကြော် . . . ရေတ်ကျည်ပွေ့လား"

"ရေတ်ကျည်ပွေ့အပြင် ဘာရှိသေးလို့လည်း"





"ရေတ်ကျည်ပွေ့ထက်ကြီးပြီး ပိုတုတ်တဲ့ အဝတ်လျှော်တုတ် ရှိတယ်လေ"

"အေး . . . ပိုကောင်းတာယူခဲ့၊ ငါဒီကောင့်ကိုရိုက်ဖြုတ်မယ်"

ဆိုကာ ရိုက်ဟန်ပုတ်ဟန်ပြုမှ ဇာနည်လည်း ဦးဝပုအိမ်ပေါ်မှ ဆင်းမိတော့၏။

လမ်းပေါ်ရောက်မှ သူ့ဘာသာသူ သက်ပြင်းချရင်း

"အင်း . . ကိုယ့်မှာတော့ လူမမာတစ်ယောက်ရပြီဆိုပြီး ပျော်နေ လိုက်တာ၊ လူမမာ ကလိမ်ခြုံအကြံသမားလူနာနဲ့မှ လာတွေ့နေရတယ်လို့"

နောက်မှ သူ့ဘာဝသူစဉ်းစားမိကာ

"ဆရာမလေးရေ မင်းနဲ့ကိုယ်တွေ့ရဖို့ မိုးပေါ်ကအပ်တစ်ချောင်းနဲ့ မြေပြင်ပေါ်က တင်ပါးဆုံလို ဆုံဖို့ခက်ခဲလှပါလားကွယ်၊ ထူးပါဘူးလေ ကိုယ့်ဝိဘက်ကံ ကိုယ်သာခံ၊ ကိုယ့်ကံကိုယ်စမ်းပြီး ကိုယ်တိုင်လူမမာဖြစ် ဖို့သာ ကြိုးစားတော့မကွယ့် မိုးပေါ်ကအပ်တစ်စင်းရေ မြေပြင်ကလူမမာ့ တင်ပါးဆုံ တုံးခုလို့ခုန်ပြပြီး ဆေးအထိုး ခံတော့မယ်ကွယ့်"

ဟုသာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





အဆုံးမရှိကောင်းကင်ပြာကြီးက
သူ့ရဲ့ ကြယ်တွေအားလုံးကို
တန်ဖိုးဖြတ်မရတဲ့ ရတနာတွေနဲ့
ဟောဒီကမ္ဘာကြီးတစ်ခုလုံးကိုပဲ ပေးပါစေ
ကျွန်တော် မကျေနပ်နိုင်ဘူး
ဒီလောက်နဲ့ ဘယ်ရမှာလဲ
ထပ်တောင်းမှာပေါ့
ဒါပေမယ့်
သူမဟာ
ကျွန်တော့်အတွက် အမြဲဖြစ်စေရမယ်ဆိုတဲ့ ဆုလာဘ်သာရခဲ့ရင်
ဒီကမ္ဘာရဲ့ ချောင်တစ်ခုထဲက
အသေးငယ်ဆုံးတစ်နေရာရရင်ပဲ
ကျွန်တော်ကျေနပ်လှပါပြီ

တာဂိုး







"ဟောဒီ မြင်နေရတဲ့ကောင်းကင်၊ ဟောဒီမှာ မြင်နေရတဲ့လမင်း လမင်းနောက်က အခြံအရံကြယ်စင်၊ ဟောဒီစကြဝဠာကြီးတစ်ခုလုံး ငါရခဲ့ရင်တောင် ဆရာဝန်မလေးနေရီမွန်ရဲ့ မျက်ဝန်းနက်တစ်စုံနဲ့ ငါလဲပစ်မယ် အောင်မျိုး"

ညခင်းမှောင်မှိုင်းမှိုင်းအောက်၊ အာလုံးနေသူတစ်ယောက်။ ရှုကြောင်မှုးကြောင်ကောင် အရက်မူးနေတော့သိတယ် မဟုတ်လား။ ဒိုင်ကြောင်တွေက သူ့အလိုလိုထွက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့ကောင်တွေကတော့ သူ့စကားကို ဂရုမစိုက်အားပါဘူး။ ဘီယာအလကားသောက်ရပြီးရော၊ သူ့ဘာသာသူပြောချင်တာပြောပါစေ။ ငပေါလို့သတ်မှတ်ထားတော့ ဘာမှမလိုတော့ဘူး၊ ပြီးရော။

"ငါ့ရင်ဘတ်ထဲက တံခါးတစ်ချပ်ကိုလှစ်ဟလိုက်ရင်"

"ဟာ . . . ရင်ဘတ်ပါဆိုမှ တံခါးကဘယ်ကလာမှာလဲ"

သူ့စကားများကိုနားကြားမြင်းကတ်၍ တင်မောင်လွင်က ထကလပ်သည်၊ ဒါကို ဇာနည်ကလည်း ထုံးစံအတိုင်း မလျှော့။

"ဟေ့ကောင်. . . ရင်ဘတ်ထဲမှာတံခါးရှိတယ်၊ တံခါးကမှ ရိုးရိုးပတ္တာနဲ့တံခါးဟုတ်ဘူး၊ နိုင်ငံခြားဖြစ် ဒိုးလော့(ခ်)တပ်ထားတဲ့ တံခါး ဖွင့်ချင်ရင် အဲဒီအဖုလေးလှည့်ဖွင့်ရတယ်၊ မသိရင်မှတ်ထား"

သူငယ်ချင်းအားလုံး မျက်နှာရှုံ့မဲ့ကုန်၏။သူ့အလှည့်ကျမှ ရင်ဘတ်မှာပါဒိုးလော့(ခ်)ကပါသေး မပြောတော့ပါဘူး။ ပြောရင်လည်း စကားရှည်တာပဲအဖတ်တင်မယ်။ ဟိုငကြောင်ကသာ ခံစားချက်ကြီးနှင့်ဆက်၍

"ငါ့ရင်ဘတ်မှာသီးထနေတဲ့ ဒိုးလော့(ခ်)ကလေး လှည့်ဖွင့်ဝင်ကြည့်လိုက်ရင် ငါ့နှလုံးခုန်သံတိုင်းဟာ နေရီမွန်. . . နေရီမွန်ဆိုတဲ့ အသံကြားရမှာ သူငယ်ချင်းတို့ရာ"

ဇာနည်ကလွမ်းလွမ်းဆွေးဆွေးပြောပြီး ဘီယာတစ်ခွက်မော့ချလိုက်သည်။ ဘီယာအလေးချိန်ကြောင့်လားမသိ လူကပို၍ခွေယိုင်ကျသွားသည်။ ပြီးမှ သူ့အကျီင်္ကော်လံစကို သူ့ဟာသူပြန်ဆွဲပြီး

"ငါဘာလုပ်ရမလဲဟင်၊ ဆရာမလေးနဲ့တွေ့ဖို့ ငါ ဘာလုပ်ရမလဲ"

ကျန်သည့်သူများကတော့ သူကျွေးတာစားသောက်နေရသည်ကိုပင် ဝင့်ခံနေသလို။

"ကဲ . . . အားလုံးလက်ကျန်လေး ဖြတ်လိုက်ကြရအောင်၊ ပြီးရင်





ငါ့ရဲ့လူမမာဖြစ်ရေး အကောင်အထည်အဖော်ကြမယ်"

သူကစိတ်ပါလက်ပါ ပြောနေပေမယ့် ကျန်သူများက ဘာမှဝင်မပြော၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်၊ သက်ပြင်းချကြ၏၊ အရူးစိတ်ချမ်းသာပြီးရော သဘောလားတော့မသိ၊ ဒီအတိုင်း အသာလွှတ်ထားလိုက်၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





မည်သို့သောအကြောင်းနှင့် ဖြစ်စေ . . .

အချစ်၏ရောင်စဉ်ကို ခယဖူး သူသည် ဘာကိုမှမလိုအပ်တော့ လောက်အောင် တမ်းတခြင်းကိုသာ ပိုင်ဆိုင်သွားကြပေသည်။

လွမ်းဆွတ်ခြင်း၊ နာကျင်ခြင်း၊ သတိကင်းကွာနေတတ်ခြင်းတို့သည်လည်း လူ၏ခန္ဓာကိုယ်တွင် ကိုယ်ခံအားနည်းနေချိန် အလစ်အငိုက်ဝင်ရောက် တိုက်ခိုက်



တတ်သော ဗိုင်းရပ်(စ်)ပိုးတစ်မျိုးကဲ့သို့ပင်။

ထိုကဲ့သို့ဖြစ်ပေါ်နေသော ဝေဒနာတစ်သီတစ်တန်းကြီးသည်လည်း အချိန်မည်မျှကြာပါစေ၊ အချစ်၏ရောင်စဉ်ပြန်လည် လင်းလက်လာချိန်၌ မည်သည့်နေရာမှမကျန်ရစ်နိုင်အောင် တစ်မဟုတ်ခြင်း ပျောက်ပျက်သွားစေသည်။

သို့သော် အချစ်၏ရောင်စဉ်ကို မြင်တွေ့နေရပြီး မခံစားနေသူတို့အဖို့မှာကား

နီးသည်ထက်နီးအောင်ကြိုးစားပါလျှက် ပစ်မှတ်ကိုမထိနိုင်သူကဲ့သို့ပင် ပစ်မှတ်နေရာသည်လည်း မိမိမျက်စေ့ရှေ့တွင်ရှိနေပြီ၊ ပစ်၍ကားမထိသေး၊ ထို့အပြင်ထိုပစ်မှတ်သည် သက်ငြိမ်ပစ္စည်းမဟုတ်ဘဲ အင်အားကြီးသက်ရှိအရာဝတ္ထုဖြစ်နေခဲ့လျှင် မည်သို့ခံစားရမည်နည်း။ ဤသို့ဖြစ်နိုင်ကြောင်း သာဓကတစ်ခုပြပါမည်။

ဝါရင့်မုဆိုးတစ်ဦးထံသို့ မုဆိုးလက်သင် လူငယ်တစ်ယောက်ရောက်လာ၏။

"ဝက်ဝံတစ်ကောင် မိအောင် ဘယ်လိုလိုက်ရတယ်ဆိုတာ ကျွန်တော့်ကို ရှင်းပြပေးပါ"

လူငယ်မုဆိုး၏ တောင်းဆိုမှုကို ဝါရင့်မုဆိုးက ရှင်းပြသည်။

"ပထမဆုံး . . . နှစ်လုံးပြူးသေနတ်ကိုယူ၊ ဝက်ဝံတွေနေတတ်တဲ့လိုဏ်ဂူကိုသွားပါ၊ သေနတ်ပြောင်း လိုဏ်ဂူထဲကိုချိန်ရွယ်ပြီး အော်သံပေးလိုက်ပါ၊ ဝက်ဝံထွက်လာမှပထမကျည်ကို ဝက်ဝံရင်ဝထဲ ပစ်ထည့်လိုက်ပါ"

"လွဲသွားရင်"

လူငယ်မုဆိုးက ပြန်မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါများလွယ်လွယ်လေး၊ ဝက်ဝံလည်း မင်းနဲ့နီးလာပြီဆိုတော့ ဒုတိယကျည်ကို အပိုင်လွှတ်ထုတ်လိုက်ပေါ့"

"ဒီတစ်ခါလည်း လွဲပြန်ရင်ရောဗျာ"

လူငယ်မှဆိုးက စောဒကတက်ပြန်၏၊ ဝါရင့်မုဆိုးက

"အဲဒါဆိုရင် ဓားတုံးသိလား၊ အဲဒီဓားတုံးကိုယူပြီး မျက်လုံးကို ကွင်းလိုက်ပေါ့ကွာ"

"ဓားတုံးကို ဘယ်ကရမှာလဲ"

"မပူနဲ့ . . . အဲဒီအချိန် မင်းဆီက ထွက်ကို ထွက်ကျလာမယ်"

ဤသို့ပင် အချစ်ရောင်စဉ်၏ပစ်မှတ်ကို မြင်နေပါလျက်နှင့် တစ်ချက်ပစ်လည်းမထိ၊ နှစ်ချက်ပစ်လည်းမထိ၊ သူသည် ဘာများလုပ်သင့်ပါသေးသနည်း၊

တတိယအပြုအမူဖြင့်သာ ကိုယ့်မျက်လုံးကို ကိုယ်ပြန်သုတ်လိုက်ကြပါ။

◆ ◆ ◆





မနက်ဖြန်ပေါင်း မြောက်မြားစွာ ကြွယ်ဝချမ်းသာသော ဒီနေ့သည် မနက်ကတည်းက ကြွေးရှင်မျက်နှာပေးနှင့် ခပ်အေးအေးတည်ရှိနေသည်။

နောက်တစ်နေ့ ကူးသွားလျှင် သူကိုယ်တိုင်ပင် စွန့်ပစ်ပစ္စည်းဖြစ်သွားမည်ကိုသိသော်လည်း တစ်သက်မှာတစ်ခါသာရရှိသောဒီနေ့သည် ဘာကိုမှဂရုမစိုက်ဘဲ စည်းစိမ်ချမ်းသာပြည့်ဝစွာခံယူရင်း စံပယ်တော်မူနေလေသည်၊

ထိုနည်းတူစွာပင် ဒီနေ့တွင်နေ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး ဒီနေ့ပင်လူမမာဖြစ်ချင်သူတစ်ယောက်သည် ကြီးမားသော ကြံစည်မှုများစွာထုပ်ပိုးရင်း အလကားဘာရရစားပြီးသားဟူသော သူငယ်သုံးဦးကို ယုံကြည်ကိုးစားတန်ဖိုးထားကာ သူ၏တစ်ကိုယ်တော် ကြံစည်မှုများကိုတိုင်ပင်ရှင်းပြလျက်ရှိသည်။

"ငါအခုကြံထားတဲ့အကြံအစည်ကတော့ အကောင်းဆုံးပဲကွ"

သူ၏စကားကို အားကိုးရသောသူငယ်ချင်းများက စားပွဲပေါ်ရှိ တွေ့ကရာမုန့်များကိုဆွဲဆက်စားရင်း ဂရုပင်မစိုက်ကြ။

"တို့လေးယောက် ရန်ဖြစ်ကြမယ်ကွာ"

"အဟုံ"

ဇာနည်၏စကားကြောင့် လက်ဖက်ရည်ဆိုင်မှမုန့်များကို ဝေသာလီပြည်ဘီလူးစီးသလို ကဒီးကဒီးနှင့်စားနေသည့်သူငယ်ချင်းများ မုန့်နင်ကုန်၏။ ထို့ကြောင့် ၎င်းတို့မုန့်သီးချိန်တွင် သောက်သုံးရန် ရှယ်လက်ဖက်ရည်ခွက်များမ၍ လည်ချောင်းဝတွင်တစ်ဆို့နေကုန်သောမုန့် ဗိုက်ထဲသို့ ပြုတ်ကျရန် သောက်မျိုချလိုက်သည်။

"လေးယောက်ဆိုပေမယ့် တစ်ယောက်ချင်း နှစ်ယောက်ချင်းမဟုတ်ဘူး၊ သုံးယောက်တစ်ယောက်"

အားလုံးက မုန့်များပင်ဆက်မစားနိုင်ဘဲ ဇာနည့်ကိုပြန်ကြည့်ကြသည်၊ ဒီကောင့်မျက်လုံးတွေက အကောင်းပါ။ ကြောင်နေသည့်အရိပ်အယောင်သော်မှ မမြင်ရသေး။

"သုံးယောက်တစ်ယောက်ကမှ မင်းတို့သုံးယောက် ငါတစ်ယောက်တည်း၊ ကဲ . . ဘယ့်နှယ်လဲ"

အားလုံးတစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်ကြသည်။ ဒါကို ဇာနည်ကပင်အားကြီးမာန်တက်ဖြင့်



"အဲဒီသုံးယောက်တစ်ယောက်မှာမှ မင်းတို့ကိုဘာမှ ပြန်မလုပ်ဘူး မင်းတို့သုံးယောက်က ငါ့ကို . . . စိတ်ကြိုက်တွယ်၊ တကယ်တွယ်၊ ငါဒဏ်ရာရရင်ပြီးရော၊ ကဲ ဘယ့်နှယ်လဲ"

ဇာနည်က သူဆေးခန်းရောက်ချင်တိုင်း သူငယ်ချင်းများကို ရန်ဖြစ်အောင်စည်းရုံးနေ၏။ ဒါကိုတောင် ဟိုကောင်တွေက

"အာ . . . ဒါတော့ မဖြစ်နိုင်ဘူးကွ"

"ဘာဖြစ်လို့လဲ"

"တကယ်ရန်ဖြစ်ရင်တော့ မင်းမျက်နှာကြီးကိုငါတို့က ဘယ်လိုလုပ်ပြီး နဖူးကွဲ၊ ဒူးပြဲသည်အထိလုပ်ရက်မှာလဲကွ၊ ဟုတ်ဘူးလား ပေါ့ကောင်တင်မောင်လွင်"

နေသူ၏အမေးကို တင်မောင်လွင်ကလည်း လက်ဖက်ရည်ခွက်ကိုသောက်မလိုလုပ်ပြီးမှ ပြန်ချတာ

"အေးလေကွာ . . . တစ်ယောက်နဲ့တစ်ယောက် ပေါင်းလာတာကြာပြီ၊ ဒီလိုအနာတရဖြစ်တာမျိုးတော့ မလုပ်ရဲပေါင်ကွာ၊ အောင်မျိုးမင်းဆိုရောလုပ်မလား"

"ဟင့်အင်း . . . ဟင့်အင်း၊ လူကိုမပြောနဲ့ ပုရွက်ဆိတ်သတ်မိရင်တောင် နာမှာစိုးလို့ ခေါင်းပဲခြွေတာ"

"မင်းတို့ကလည်းကွာ ဒါလေးတောင်အားမကိုးရဘူးလား"

သူ့စကားကို သူငယ်ချင်းများကခေါင်းခါပြီး

"မလုပ်နဲ့ကွာ၊ တော်ကြာလက်လွန်ပြီး သေသွားမှဖြင့် မင်းတို့လည်းမသေစေချင်သေးဘူး၊ ငါ့လက်လည်းအနာမခံနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဇာနည်က ချက်ချင်းအဖြေမပေးသေးဘဲ သူ့အကျီကို ပင့်တင်ကာ

"ဟောဒီမှာကြည့်စမ်း"

သူပြရာ သူငယ်ချင်းများလိုက်ကြည့်ကြသည်။ လက်မောင်းရင်းမှာ အမှတ်တစ်ခု။

"တွေ့လား ဟောဒီမှာအမှတ်တစ်ခု၊ ဒါလူဝင်စားတွေမို့ ရှိကြတာ"

"လူဝင်စားတွေဟာ ဥပစ္ဆေဒကကံနဲ့ကိုမသေဘူးကွ၊ ရိုးရိုးရောဂါနဲ့သာသေတတ်တာ၊ အဲဒီတော့ မင်းတို့ထိုးလို့ငါသေမှာ မကြောက်ဘူးကွာ လုပ်သာလုပ်ပါ"

ဇာနည်၏ အားတက်သရောစကား။

◆ ◆ ◆





"ရှက်လိုက်တာတော်၊ ရှက်လိုက်တာ၊ ငါ့မျက်နှာတောင် ဘယ်နားထားရမှန်းမသိဘူး"

"လည်ပင်းပေါ်တင်ထားပေါ့ အမေရာ"

"အေး လည်ပင်းပေါ် အဲ ဟဲ့အကောင် နင်ဒီအထိကို အပိုးမသေသေးဘူးလား"

ထုံးစံအတိုင်း ဒေါ်ဆွေသန်းက သူ၏သားတော်မောင် ဇာနည်ကိုဆူနေခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်တော်  ဘာအလုပ်မှမလုပ်စားဘဲ တစ်နေကုန် လတ်လျားလတ်လျားနေလို့အားမရ ရန်ပါဖြစ်လာသေးသတဲ့တော်၊ လူကြား လို့မှမတော်၊ ဟင် ငါ့မျက်နှာ အိုးမဲသုတ်ရာမှ အားမရ နှာခေါင်းပါ လက်နဲ့ ကလော်ပြချင်တဲ့ကောင်"

"ကျွန်တော့်လက် ပေကုန်မှာပေါ့ အမေရာ"

ဇာနည်ဆိုတဲ့ကောင်ကလည်း သိတယ်မဟုတ်လား။ တစ်ခွန်းတင် မခံ၊ မျက်နှာမှာလည်း ဒဏ်ရာတွေက အကင်းပင်မသေသေး၊ ဖူးတချို့ ယောင်တစ်မျိုး။

"ဘယ့်နှယ်တော်  လမ်းပေါ်ကလူမိုက်တွေကို သူကရန်စပြီး ဝင်ထိုးသတဲ့၊ ခံရတာတောင်နည်းသေး"

"နည်းလို့ပေါ့အမေရာ၊ မျှားရင်ဆေးရုံကဆင်းပြီး အခုဆေးခန်း တောင် ပြန်ဆက်သွားနေရပြီ၊ တောက် ဟိုကောင်တွေကလူမိုက်သာ ဆိုတယ် လက်ဆက ထင်သလောက်မပြင်းဘူး"

"အောင်မလေး ..အောင်မလေး၊ ဆေးခန်းကသွားချင်သေး၊ ဟင် ..အဲဒီဆေးခန်းက ကံစမ်းမဲပေးနေတာ ကျနေတာပဲ၊ ဘယ့်နှယ်တော် အခုတော့ဆေးရုံမှာလည်းဆေးကုရသေး၊ ဟိုဘက်ကလူတွေနဲ့လည်း အမှု ကျေအေးဖို့လျှော်ရသေး၊ ဘာကောင်းသေးလဲ၊ နင့်ကိုထိန်းမနိုင်လို့ ငါတောင် နောက်လင်ယူမိတော့မယ်၊ ဟုတ်တယ်  ယောကျ်ားချင်းဆို ခုလောက်ရှိ ထိုးနေပြီ"

ဒီတစ်ခါတော့ ဇာနည်ဘာမှ ပြန်မပြောဘဲငြိမ်နေသည်၊ သူ့အ မေနောက်ယောကျ်ားယူရန် စိုးရိမ်၍မဟုတ်။ ဆရာမလေး နေရီမွန်နှင့် မည်ကဲ့သို့ နီးစပ်နိုင်မည်ကို အကြံထုတ်နေခြင်းသာ၊

"ဒီတစ်ခါနောက်ဆုံးဖြစ်ပါစေ၊ နောက်တစ်ခါ ပြဿနာရှာရင်





ငါနဲ့အတွေ့ပဲ၊ ဟင်း ...ဆွေသန်းတဲ့နော်၊ မလုပ်ချင်လို့ကြည့်နေတာ နင်ကြပ်ကြပ်သတိထား"

ဒေါ်ဆွေသန်းသားတော်မောင်ကိုကြိမ်းဝါးရင်း အိမ်ပေါ်ကိုဒေါကြီး မောကြီးတက်ချသွား၏၊ သူ့သား ဇာနည်ကတော့အေးဆေးပင်၊ သူ့အမေ၏ နောက်ဆုံးအကြိမ်ဆိုတာ သူ့ငယ်တန်းထဲကကြားဖူးနေပြီမို့ ဘာမှမထူးဆန်း၊ ထို့ကြောင့် ဆရာမလေးနေရီမွန်နှင့် မည်ကဲ့သို့နီးစပ်နိုင်မည်ကိုသာ ကြံစည် နေမိ၏။

ဖြစ်ချင်တော့လည်း ဆရာဝန်မလေးနေရီမွန်က သူ့ဘာသာသူ အိမ်ကကားနှင့် ဆေးခန်းကိုလာ၊ ဆေးခန်းကပြန်တော့လည်း ကားပေါ် တက်၍ တစ်ခါတည်းအိမ်ကိုတန်းပြန်သဖြင့် သူ့ခမျာမည်သို့မျှလိုက်၍မရ၊ အိမ်က ကားနှင့်လိုက်တော့လည်း မည်သို့ဖြစ်နိုင်မည်နည်း။ ကားကားချင်း စကား ပြောလို့မှမလွယ်တာ၊

ဒါကြောင့် ဒါကြောင့် ...

"ထွက်စမ်းဟဲ့ အကြံဉာဏ်"

ဇာနည်၏အကြည့်က လမ်းထပ်ဓာတ်တိုင်ကိုမထင်မှတ်ပဲရောက် သွား၏။

"ရွှေး နိပ်ဟ၊ ဟာ ..ဟုတ်ပြီ၊ သိပြီ၊ ဒီအကြံဉာဏ်ကို အသုံးပြု ရမည်"

ဒါကလွဲလည်းမနာဘဲ လူနာရနိုင်မည်နည်း။ ပိုင်သဟ ဒီနည်း ကိုအသုံးပြုရမယ်၊

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





နောက်တစ်နေ့မနက် လမ်းထိပ်
ဓာတ်တိုင်တွင်ကြော်ငြာဆန်းများတွေ့ရသည်။

ဖျားရဲ ဖျားကြည့်စမ်း။
ဆေးနည်းရှိသည်။
ကိုယ်အပူချိန်တစ်ရာကျော်သည်နှင့်
အမြန်ဆုံးအကြောင်းကြားလိုက်ပါ။
စရိတ်ငြိမ်းဆေးခန်းပို့ဆေးကုသပေးမည်။
(ဆေးနည်းလူမမာ အကျိုးဆောင်လုပ်ငန်း)
ဆိုတာကတစ်မျိုး။





လူမှန်ရင် ဖျားဖူးရမည်။
သင့်ပတ်ဝန်းကျင်တွင် ဖျားနာသူတွေ့က လက်တို့လိုက်ပါ။
ထိုက်တန်သောဆုငွေ ရရှိမည့်အပြင် လူမမာကို အထူးကုဆေး
ခန်းတွင် ကုသပေးမည်။
(ဆေးနည်း နာဖျားကူညီမှုအသင်း)
ဆိုတာကတစ်ဖုံ။

သင်ဖျားနေပြီ။ သင်မသိပေ ့ယ် ကျွန်ုပ်သိ၏။
အမြန်ဆုံး စောင်ခြုံပြင်၍ ကြွလှမ်းခဲ့ပါ။
အတွင်းလူနာမှ သေဆုံးသည်အထိ ကျွန်ုပ်တာဝန်ယူဆောင်
ရွက်ပေးမည်။
(စေတနာရှင် မိသားစု)
ဆိုတာက တစ်သွယ်

*Wellcome* လူနာ
သင့်ဖက်ကဖျားဖို့သာတာဝန်ယူပါ။
ကျန်ဆေးဖိုး ကျွန်ုပ်တာဝန်ယူပါရစေ။
(မမွေဒါန ကုသရေးအဖွဲ့)

သင့်ဖက်ကဆေးရုံတက်ဖို့သာ
စိတ်ကူးရှိနေပါစေ။
ကျွန်ုပ်နှင့်လာတွေ့ပါ။
နာတာရှည်ကို အထူးဦးစားပေးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဆိုင်းဘုတ်မျိုးစုံ တွေ့ရလေသည်။

ကံကောင်းပါသည်။ မနက်အစောကြီးဈေးသွားသော ဒေါ်ဆွေ သန်းတွေ့ရှိ၍ ပြန်သိမ်းလာခဲ့၍ဖြစ်၏။ နောက်မဟုတ်လျှင် လူနာတွေအိမ် ရောက်မရောက်တော့မသိ။ သူသားငပေါကြီးမှန်း တစ်ရပ်ကွက်လုံး သိရှိသွား ကြပေလိမ့်မည်။ကံဆိုးသည်က လမ်းမပေါ်တွင်ခွင့်ပြုချက်မရဘဲ ဆိုင်းဘုတ် ထောင်သည့်အတွက် စည်ပင်သာယာကို ဒဏ်ငွေဆောင်လိုက်ရခြင်းပင်။

◆ ◆ ◆





မည်သို့ပင်ဖြစ်စေ . . .

တစ်စက္ကန့်သာမြင်ခဲ့ရသော မျက်ဝန်းအတွက် တစ်သက်တာရင်ခုန် ချစ်မိသူကို မည်သူကများအပြစ်ဆိုကြ မည်နည်း။ မျက်ဝန်းပေါ်ထင်ကျန်ရစ် သောအရိပ်အယောင်၊ အာရုံထဲ စွဲကပ်နေ သောပုံရိပ်။ တလက်လက်တောက်ပနေ သော အိပ်မက်တို့သည် ဖြစ်ပေါ်နေသော ချစ်သူခြေရာအတွက် အကောင်းဆုံး ခေတ်ပေါ်ပြဇာတ်တစ်ပုဒ်ပင် ဖြစ်ပေ မည်။

www.burmeseclassic.com



ပြဇာတ်များ၏ သဘောတရားအရ ဇာတ်ထုပ်တစ်ခုထဲကိုသာ အကြိမ်ကြိမ်ကနေရသော်လည်း ချွတ်ချော်တိမ်းပါးမှုအနည်းနှင့်အများတော့ ရှိကြပေမည်။

ထိုကဲ့သို့ပင် မိမိ၏စိတ်ကူးနှင့်လက်တွေ့ဘဝတို့သည်လည်း တစ်ထပ်တည်း ပြုလုပ်ခဲ့သော်ငြား အနည်းအပါးတော့ တိမ်းပါးမှုရှိပေလိမ့်မည်။ ထိုလွဲမှားမှုများကိုလည်း ရှောင်ရှားနိုင်ရပေမည်။

မည်သူတစ်ဦးတစ်ယောက်ကမှ စိတ်ကူးထဲကအတိုင်း ဆန္ဒပြည့်ဝခဲ့သူကိုမတွေ့ရှိခဲ့ဖူးပေ။ အပြတ်အမ်းအိပ်မက်ထက်နိမ့်ကျသော လက်တွေ့ဘဝကို ခံနိုင်ရည်ရှိကြရပေမည်ပေါ့။

♦ ♦ ♦





အခြားသက်သာသော နည်းလမ်းတွေလည်းရှိပါသည်။ ဝမ်းနုတ် ဆေးတွေမဆန့်မပြတ်စားပြီး ဝမ်းတွေသွားပါက ဆေးခန်းသွားသောနည်းပင်။ ဤနည်းက လှနာမလှ။ ဆရာမလေးရှေ့ ဝမ်းခဏခဏသွားပြနေရလျှင် မည်သို့ မဂ်လာရှိမည်နည်း။ အနံ့အသက်မကောင်းသော လူနာကို နှာခေါင်းရှုံ့ကုသမည်ကို လူနာကောင်ကြီးကမလိုလား။ ထို့ကြောင့် လူနာအလှဆုံးနည်းဖြစ်သော ဤနည်းကိုအသုံးပြုရခြင်းဖြစ်၏။

www.burmeseclassic.com

သူ့အတွေးနှင့်သူတော့ ကြိတ်ပျော်နေသည်။ စက်ဘီးကလည်း ပြိုင်ဘီးဆိုတော့ လိုအပ်သောအရှိန်၊ လိုအပ်သောဒက်ရာရနိုင်သည်မဟုတ်ပါလား။ ဒီတစ်ခါတော့သေချာပြီ RENT လူနာအဆင်မပြေရင် OWN လူနာရှိသည်။

အားလုံးပြင်ဆင်ပြီးမှ အားရဝမ်းသာနှင့်

"အမေရေ သား အပြင်ခဏ သွားဦးမယ်"

ဟုဆို၍ စက်ဘီးကိုအရှိန်ပြင်းစွာတွန်းပြီး အားရပါးရလွှားခနဲ ခြေစုံခုန်တက်လိုက်သည်။ သို့သော်

"အု(ဖ်)"

ခပ်အုပ်အုပ် အော်သံနှင့်အတူ၊ သူ့မျက်လုံးပြူးတက်သွားသည်။ ဘာဖြစ်သွားတာလဲအတွေးမျိုးနှင့် တစ်ချက်စဉ်းစားလိုက်သည်။ ခေါင်းထဲတွင် အဖြစ်အပျက်များတန်းစီပေါ်လာ၏။ အက်ဆီးဒင့်ဖြစ်စေရန်ဖြုတ်ထားသောဘရိတ်ကြိုး။ နောက် အရှိန်ပြင်းရစေရန်ဖြုတ်ထားသော ဖင်ထိုင်ခုံ။ ဖာရိုးသက်သက်ထောင်နေမည့်ခုံမဲ့ဝင်ရိုး။ သူ လွှားခနဲခုန်အတက် ဘယ်မှာစွပ်နေပါလိမ့်၊ စဉ်းစားရင်း သူ့ဆံပင်များထောင်တက်သွား၏။ နောက်မှ စဉ်းစားမိကာ မျက်လုံးပိုပြူးသွားပြီး

"အား . . . သွားပြီ၊ သွားပြီ၊ အားဟားဟား အွား"

"ဟင် . . . သွားပြီ၊ ဒါမှတကယ်သွားပြီ"

အလုပ်မလုပ်တော့သော ဘရိတ်ကြိုး၊ သူ မျက်လုံးပြူးသွားရ၏။

"ဟာ . . . ဒီဘရိတ်ကြိုးကဘာလို့ပြုတ်၊ အို"

ခုမှသူကိုယ်တိုင်ဖြုတ်ပစ်ခဲ့ကြောင်း ပြန်၍သတိရသည်။ ဝိုးခနဲ ဖြတ်သွားသောကားတစ်စီး၊ ပွတ်ကာသီကာနှင့် လွတ်မြောက်သွားသည်။

"အား"



ကြောက်လန့်တကြားအော်ဟစ်သံ၊ ညာဘက်လမ်းမှ ကားတစ်စင်း ခုန်ထွက်လာသည်ကို တွေ့ရ၏။ နောက်သတိရပြီး အရှေ့ဘရိတ်ကို အားကုန် ဆွဲညှစ်လိုက်သည်။ ကံကောင်းထောက်မစွာပင် အရှေ့ဘရိတ်ကို မဖြုတ်မိခဲ့၊ ကံဆိုးစွာပင် အရှေ့ဘရိတ်ကိုအားကုန်ဆွဲလိုက်သည့်အတွက် စက်ဘီးက ကျွိခနဲရပ်ကာ နောက်ဘီးထောင်ပြီး လူကလေထဲကားယားကြီး လွင့်ပျံသွား၏။ ကံကောင်းစွာပင် သူလေထဲရောက်မှ ထိုကားက သူ့စက်ဘီးကို ဒုံးခနဲဝင်ဆောင့်သွားသည်။ လေထဲမှာ သူ့တစ်ယောက်တည်း၊ ဘယ်ဘက်ကြည့်တော့ကားများ၊ ညာဘက်မှာလည်း ကားတွေ၊ သူလေထဲ လက်ဆန့် တန်းပြီးပျံကြည့်သေးသည်။ အပေါ်စီးမှမြင်တွေ့ရ၍ မြင်ကွင်းက ကြည့်၍ ပင်ကောင်းသေး။ လူတွေက အံ့အားသင့်စွာသူ့ကို မော့ကြည့်ကြ၏။ သူက လက်မောင်းနှစ်ဖက် ချိုင်းကပ်၍ ပျံနေတုန်း၊ လူအများကြီး ဝိုင်းကြည့်နေ၍ ပျံသန်းရင်း ပျော်ရွှင်စွာပြုံးလိုက်သေး၏။ နောက်အရှေ့တည့်တည့်ပြန်လှည့်မှ

"ဟာ"

သူနှင့် လွန်စွာနီးကပ်နေသော ကားမှန်တစ်ခု။ သူလန့်ပြီးနောက်ပြန်ပျံကြည့်သေး၏။ မရတော့၊ သူ့ဦးကင်းတော်က ကားခေါင်းကို ချိန်ရွယ်ပြီးသား၊ မာတဲ့ခေါင်းပါပေ။

'ဒုန်း'ခနဲ မြည်သံ၊ ကားခေါင်းပေါ် ကားယားကြီးခွကျသွား၏။ သူ့ အတွေးထဲတွင်တော့ သူကစူပါမင်းဖြစ်ပြီး ဆရာဝန်မလေးနေရိမ့်မှန်ကို ကောင်းကင်တွင် ပွေ့ချီပျံသန်းနေ၏။ လေပေါ်ရောက်တော့မှ သူကပက်လက်လှန်ပြီး ဆရာမလေးကသူ့ရင်ဘတ်ကို နားကြပ်နှင့်ထောက်ပြီးစမ်းသပ်နေသည်၊ သူကတော့ ကြည်ကြည်နူးနူးကြီးပြုံးလျက်၊ ဆရာမလေးက သူ့ကိုလေထဲမှာပင် မှောက်ဖို့လုပ်သည်၊ သူ့အကြောက်အကန်ငြင်းဆန်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဖင်တံဒက်ရာမြင်လို့မဖြစ်သေး။ ဆရာဝန်မလေးကအတင်းမှောက်ပြီး ထိုဒက်ရာကိုကြည့်ရန်ပြင်သည်။ သူကလေထဲမှာ ယက်ကန်ယက်ကန်နှင့်ရုန်းသည်။ ဆရာမလေးက အတင်းဆွဲသည်။ သည်လိုနှင့် လေထဲတွင်ရုန်းကန်ရင်း . . .

◆ ◆ ◆







ဒီအဖြစ်အပျက်မျိုးက ထူးဆန်းတာပဲ။ ခပ်ဝါးဝါးကြားနေရသော စကားသံတချို့။

"စဉ်းစားကြည့်လေ ကားကိုခေါင်းနဲ့ဝင်ဆောင့်မိပြီး ဖင်ကွဲသွားတယ်ဆိုတဲ့ကိစ္စ။ ဒါက အင်မတန် ဖြစ်ခဲတယ်။ အိုဗျာ . . ဆေးပညာသမိုင်းတစ်လျှောက် ဒီလိုလူနာမျိုး ဘယ်သူမှကြုံဖူးမှာမဟုတ်ဘူး"

ရှက်ရွံ့စိတ်က ဖောက်ခနဲပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖင်နဲ့ခေါင်း ဘယ်လောက်ကွာတယ်ဆိုတာ ခင်ဗျားတို့သိပါတယ်၊ အဖြစ်နိုင်ဆုံးကတော့ လူဟာခေါင်းနဲ့ဆောင့်မိရင် လည်ပင်းရိုးကျိုးမယ်၊ ပြီးရင်ခါးဆစ်ရိုးဆက်ကျိုးမယ်၊ ဒီထက်အရှိန်ပြင်းရင် တင်ပါးဆုံရိုးတွေပါ ကျိုးသွားလိမ့်မယ်၊ ဒါပေမယ့် အခုဒီလူက ကားကို ခေါင်းနဲ့ဆောင့်မိပေမယ့် ဘယ်အရိုးမှမကျိုးဘဲ နောက်အိုးပဲ ပွင့်ထွက်သွားတယ်ဆိုတဲ့ကိစ္စက အင်မတန် စဉ်းစားရခက်နေတယ်"

သူ ပွင့်နေသောမျက်လုံးကို ပြန်မှိတ်ပစ်လိုက်သည်။ သူ့နားမှာ ခေါင်းလာကြည့်လိုက်၊ ခောင်လာလှန်ကြည့်လိုက် လုပ်နေသောဆရာဝန် တချို့။

"မျိုးရိုးကို စုံစမ်းကြည့်တော့ သူ့အဖေကလည်း လိပ်ခေါင်းရောဂါနဲ့ ဆုံးခဲ့ဖူးကြောင်းတွေ့ရတယ်၊ ဒီလိုဂျင်နရေးရှင်းနဲ့ ပြန်တွက်ကြည့်တော့ သူလည်းမျိုးနှံ့လိုက်ပြီး ကားနဲ့ခေါင်းတိုက်ချိန် လိပ်ခေါင်းကရုတ်ချည်း အပြင် ကန်ထွက်ပြီးပွင့်သွားတာလား၊ ဒါလည်းမဖြစ်နိုင်ပြန်ဘူး၊ လိပ်ခေါင်း ထွက်တာဆိုရင် လိပ်ခေါင်းကအပြင်မှာပဲရှိနေရမယ်၊ အဲဒီတော့ အားလုံး ဒီလူနာသတိရလာချိန်မှ သူ့ကိုအသေအချာမေးပြီး နိုင်ငံတကာကို ရောဂါ ဆန်းကြီးဆိုပြီး စာတမ်းတင်ဖို့ ကြိုးစားကြပါ၊ ဒါမှဆေးပညာသမိုင်းမှာ မှတ်တမ်းအသစ်စိုက်နိုင်မှာ၊ ပြီးတော့ ဆေးကျောင်းတက်နေတဲ့ကလေး တွေလည်း လေ့လာလို့ရအောင် ဒီလူနာကိုဆေးကျောင်း ...၊ သွားပြီး တစ်နေ့လုံး ဖင်လှန်ပြီးပြခိုင်းထားရမယ်၊ ဒါမှနောက် ဂျင်နရေးရှင်းမှာ ဒီလို ရောဂါဆန်းတွေပေါ်လာရင် ဒီဆရာဝန် ဆရာဝန်မလေးတွေ အတွေ့အကြုံ ရှိလာကြမှာ ကျုပ်တော့ဖြင့်အံ့ရောပဲဗျာ"

သူမျက်လုံးကို တင်းကြပ်စွာပိတ်ထားလိုက်သည်။ နံဘေးမှ သူ့ မျက်နှာလာကြည့်သူများ၊ ခောင်လှန်ကြည့်သူများဖြင့် ရှုပ်ယှက်ခတ်နေ





သော်လည်း သူ့အာရုံတွင်ခဏတာမြင်တွေ့ခဲ့ရသော ဆရာဝန်မလေး နေရီ မွန်၏ မျက်ဝန်းနက်ကလေးကသာ မှတ်တိုင်အဖြစ်စိုက်ထူနေ၏။

"အို ဆရာမလေးရယ် ဆရာမလေးရဲ့မျက်ဝန်းနက်နဲ့ နောက် တစ်ကြိမ်ထပ်ဆုံဖို့ကြိုးစားနေသူပါ၊ သို့သော် ကံအပေါင်း အကြောင်းမလှ စွာဖြင့်ပင် ဆရာမလေးနဲ့လွဲခဲ့ရပြန်ပါပြီ"

အမှန်တော့ သူချိန်လုပ်ခဲ့တာအမှန်ပါ။ ဒဏ်ရာရပြီး သတိလစ် မှောနေစဉ်အတွင်း ဆရာမလေးနေရီမွန်တို့ရဲ့ အထူးကုန်ဆေးခန်းကိုပဲခေါ် သွားခဲ့တာပါ။ ဒါပေမယ့် လောကရဲ့ အလှည့်အပြောင်းဆန်းကြယ်လှစွာဖြင့် သူ့ကို စမ်းသပ်စစ်ဆေးရင်း ခေါင်းကတိုက်တာဖင်ဘာကြောင့် ပွင့်ရတယ် ဆိုတဲ့ စစ်ဆေးတွေ့ရှိချက် အသစ်စက်စက်ကြီးကို စူးစမ်းရှာဖွေလေ့လာ တွေ့ရှိခဲ့လို့။ ဒစ်စကာဘာရီ သို့မဟုတ် ဆေးပညာဂင်းနစ်ထဲ တင်သွင်းနိုင် ရန် ရန်ကုန်ဆေးရုံကြီးကို ချက်ချင်းလွှဲပြောင်းခြင်းခံရတယ်တဲ့။

ကွယ် . . . ဆရာမလေးနေရီမွန်တို့ ဆေးခန်းမှာသာ သူသတိရခဲ့ ရင် နောက်အိုးပွင့်ရခြင်းတရားခံ စက်ဘီးဖင်ထိုင်ခုံမှိုးကို လက်ညှိုးထိုးပြီး ပြုံးပြုံးကြီးအဖြေပေးလိုက်ချင်ရဲ့။ အခုတော့ အခုတော့ကွယ်။ လွဲမှားခြင်းကြုံ ရပုံက လူတိုင်းသံသယဖြစ်ရသည်အထိ။

*ဘရိတ်မပါပေမယ့် စိတ်တာသိနေတယ်*
*မေးခွန်းတစ်ခုထဲကို အဖြေရှာဖို့မှ မဟုတ်ခဲ့တာ။*
*ငါလည်း ငါးတစ်ကောင်ကို ဖမ်းယူစားသောက်ဖို့ ပြင်ဆင်နေသူ*
*မီးစ မီးနတွေ ထုထပ်နေတဲ့ရှေ့ပြင်ပေါ်*
*လည်ပင်းရှည်အောင်စောင့်လို့*
*ပေါ်မလာပါဘူး။*



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်စကားထာကိုယ်ပြန်ဝှက်ရမလို့အချိန်မျိုးမှာပေါ့
ခေါင်းထဲက ဆားတစ်ပြားတွေတောင် ယောင်ကျွမ်းတုန်ပြီ
မင်းရှုတ်ဝန်းကို တစ်ကြိမ်မြင်ဖူးထဲကပေါ့။

◆ ◆ ◆







လှပသော နံနက်ခင်းတွင် နေရောင်ခြည်ကို ဝင်ခွင့်ပြုသည်။ တည်ကြည်အေးချမ်းသော ညနေချမ်းတွင် ပန်းပွင့်များကို ကောက်ခွင့်ပေးပါ။ ကျွန်တော်၏လုပ်ရပ်များသည် ချစ်သူ၏ မျက်ရည်တလက်လက် တောက်ပစေရန် မဟုတ်။ ရယ်မောပျော်ရွှင်ဖွယ် အဖိုးတန် လည်ဆွဲ ချိတ်ဆွဲရုံမျှသာ။ အလဟဿနေ့များနှင့် ဆုံးရှုံးသွားသော အချိန်ဟူ၍မရှိစေရ။ ငါသည် သင့်အတွက် အသက်ရှင်သူလည်း ဖြစ်သလို သင့်အတွက် သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရလျှင်လည်း ဝန်မလေးတတ်သူ ဖြစ်ပေလိမ့်မည်။ သို့သော် ထိုအချိန်နှစ်ခုကြား လုပစွာ ပြင်ဆင်ထားသော ငါ့အိမ်ငယ်တွင် ချစ်သူရဲ့ တေးသီသံ ဆင်မြန်းလိုပါသည်။

ဤမျှော်လင့်ချက်များသည် အိပ်မက်ဆိုပါက အိပ်မက်ကို မြင်နိုင်ချိန်ထိ လမ်းပြခေါ်ဆောင်ပေးကြပါ။ အခုတော့ရယ်လေ၊ လူ့မမာဖြစ်နိုင်မည့် နည်းများကို ဖယားချရှာလို့၊ ဒါမျိုးက စနစ်ကျမှ လုပမည်မဟုတ်ပါလား။

♦ ♦ ♦





ဆေးခန်းရောက်ချိန်ဝယ် အလှပဆုံးဖြစ်စေရန် အသစ်လွင်ဆုံးအဝတ်အစားများရွေးဝတ်ကာ ထာဝရအတွင်း ဒဏ်ရာရှာဖွေရေးအတွက် သူဈေးတကာ ပတ်လိုက်သည်။

ပလာဇာ မငွံ့၊ သူစိတ်ကြိုက်မတွေ့။

မှိုကော့(စ်)ကြီးတွေ၊ အဝတ်တန်းတွေ၊ အကျႌချိတ်တွေလောက်သာတွေ့ရသည်။ သူလိုချင်သော ထုထည်ပဏာမကို မရ၊ ဒီကြားထဲ ဆိုင်ခန်းကကျဉ်းသေး။

www.burmeseclassic.com

www.burmeseclassic.com

"ဟားဟား . . . ဒီလောက်နဲ့ကတော့ ဇာနည်တို့ စိတ်မဝင်စား အာဟားအာဟား"

သူဆိုင်ခန်းများကို သရော်ချင်စိတ်ဖြင့် ခိုးရယ်မိသေး၏။

စတိုးဆိုင်များ . . . စိတ်တိုင်းမကျ။ ဆိုင်ခန်းများက ကျဉ်းသည့်အပြင်သွားလေရာ၌ ဝန်ထမ်းများက ကပ်ပါရှင်းပြနေသည်။ ထို့ကြောင့် လွတ်လွတ်လပ်လပ် လှုပ်ရှားရန် နေရာမတွေ့။ တကယ်တော့ သူက ပစ္စည်းရှာမယ့်သူမှမဟုတ်တာ၊ ရောဂါရှာမယ့်သူပဲ။ သူ့ကို လိုက်ရှင်းပြနေသည့် ဝန်ထမ်းကောင်မလေးကို သူက စိတ်ပျက်စွာ ကြည့်နေသည်။ ဝန်ထမ်းကောင်မလေးကို ခွာထုတ်ဖို့ ကြံရဦးမည်။ သူ ခပ်လှမ်းလှမ်း အမြင့်တစ်နေရာမှ ပစ္စည်းတစ်ခုကို လက်ညှိုးထိုးလိုက်၊ တိုယ့်လက်ညှိုး ကိုယ်ကိုက်လိုက်နှင့် စဉ်းစားဟန် ဆောင်နေလိုက်သည်။ ကိုကလေးမက ထိုကောင်တာသို့ သွားဖို့အလှည့်မှာ သူ့လက်တွေက အမြန်လှုပ်ရှားလိုက်သည်။ သူလှုပ်ရှားပုံက မြန်ဆန်တိကျသပ်ရပ်သည်။ ဝုန်းခနဲ ပြိုကျသံနှင့်အတူ သူလိုချင်တဲ့အတိုင်းအတာအတိုင်း သူ့ကိုယ်ပေါ်သို့ အမျိုးအမည်စုံသော ပစ္စည်းအမျိုးမျိုး ပြုတ်ကျကွဲကြေကုန်သည်။ ဝန်ထမ်းမလေးက မျက်လုံးအပြူးသားနှင့် သူ့ကို ကြောင်ငေးနေသည်။ သူကတော့ အပျက်အစီးပုံကြားမှာ မြူး[illegible]ကြီး ငုတ်တုတ်မေ့လို့။

◆ ◆ ◆





အမှောင်. . သူလွန်စွာ ကြောက်သောအမှောင်။ ရှန်းကန်ပြေးလွှားဆဲ၊ ဘယ်မှာလဲ အလင်းရောင်။

"အား"

သူ ကြောက်လန့်တကြား အော်ဟစ်သံ၊ မည်သည့်နေရာကမှ အသံမကြား၊ ဇောချွေးများ အလိုလိုစိမ့်ထွက်လာ၏။

"ကယ်ကြပါဦး၊ ကယ်ကြပါဦး ဆရာမလေးနေရှိမှန်ရေ"

ကယောင်ကတမ်း နှုတ်ထွက်

www.burmeseclassic.com

www.burmeseclassic.com



စကားများ။ သူတမ်းတနေသောဆရာမလေး နေရီမွန်ကို အမှောင်ထဲမှာ ဖျတ်ခနဲတွေ့လိုက်ရသည်။ ပြီးနောက် မွန်ဝါးစွာပျောက်ကွယ်လုနီးပါး။

"ဆရာမလေး . . ကျွန်တော့်ကို စောင့်ပါဦး၊ စောင့်ပါဦး"

သူ့အော်သံကြောင့် ဆရာမလေး ဖျတ်ခနဲပြန်လှည့်ကြည့်သည်။

"အို . . . ကြည့်စမ်း ဆရာမလေးနေရီမွန်မျက်ဝန်းမှာ လက်ဖြာနေသောအလင်းရောင်"

အလင်းရောင်မြင်တော့ သူဝမ်းသာသွားသည်။

"ဆရာမလေး ကျွန်တော်လာပြီ၊ ကျွန်တော်လာပြီ"

အော်သံနှင့်အတူ အလင်းရောင်ရှိရာ သူအားကုန်ပြေးသွားမိသည်။

ဖျတ်ခနဲမြင်ရသော ကျိန်းစပ်စပ်အလင်းရောင်၊ ဟင် ဘာလို့ တစ်လုံးတည်းမြင်နေရပါလိမ့်။ သူမျက်လုံးကိုတမင်းကတန်းပြန်ပိတ်လိုက်၏။ ပြီးမှနေသားကျမှ သူမျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်သည်။

မျက်လုံးတစ်စုံ၊ သူ့ကိုအပေါ်မှစိုက်ကြည့်နေသောမျက်လုံး။ ဟုတ်ပြီ၊ ပိုင်ပြီ။ ဒါအနှစ်နှစ်အလလ သူမျှော်ကိုးခဲ့သောမျက်လုံးပဲ။ အတွေးနှင့်ပီတိဖြစ်နေစဉ်မှာပင် တိုးဝင်လာသောကျွဲကော်ကိုင်းကြီး။ ဟင် . . . ဘယ်လို ဖြစ်တာပါလိမ့်။ ဆရာမလေးက မျက်မှန်နဲ့မဟုတ်ပါဘူး။ မသင်္ကာစိတနှင့် သူ့အပေါ်ဘက် မျက်လုံးအနည်းငယ်လှန်ကြည့်လိုက်တော့၊ အင်း. . . မျက်ခုံးမွေးကတော့ထူထူရယ်၊ အပေါ်ဘက်ကို ဆက်ကြည့် . . . ကြည့်

"ဟာ . . . ထိပ် ထိပ်ပြောင်ကြီး"

မထင်မှတ်သော ထိပ်ပြောင်ကြီး မြင်လိုက်ရတော့ သူအံ့အားသင့်သွားရ၏။

"ဟင် . . ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာပါလိမ့်"



သူတွေးနေတုန်းမှာပင် ထိုမျက်လုံးကသူ့ဆီမှခွာသွားကာ

"သူ သတိပြန်ရလာပြီ"

ထိပ်ပြောင်ကြီးဆီမှအသံ။ ဟင် ဆရာမလေးလည်း မဟုတ်ဘူးပဲ။ သွားပြီ၊ သူအနှစ်နှစ်အလလ တတမ်းသဖွယ်ပြုစုရေးသား တွက်ချက်ခဲ့သမျှ လွဲရပြန်လေပြီ။ သူအနာခံခဲ့ရသမျှ သဲထဲရေသွန်ဖြစ်ရလေပြီ။ ထိုစဉ်မှာပင်

"အောင်မလေး . . ချစ်သားရဲ့၊ မေ့ သကောင်း မပျောက်ကောင်း ကွယ်၊ ဟီး"

ဟူသော မိခင်ဖြစ်သူ၏ငိုသံ။ သူလှမ်းကြည့်လိုက်သည်၊ သူ့မိခင် ဒေါ်ဆွေသန်းနှင့်အတူ သူငယ်ချင်းများဖြစ်သော တင်မောင်လွင်၊ နေသူ အောင်မျိုးတို့ကိုမြင်ရ၏။ မြင်ရတာမှတစ်လုံးတည်း။

"ဟင် . . ဘာလို့တစ်လုံးတည်းမြင်နေရပါလိမ့်"

သူမသင်္ကာစိတ်နှင့် ဦးကင်းကို အနည်းငယ် ကြွ၍ ကြည့်လိုက်သည်။

"ဟင်"

ရုတ်တရက်မြင်လိုက်ရသောမြင်ကွင်းကြောင့် သူ့ကိုယ်သူ မိမိရုပ် မှတ်ပြီးဂုဏ်ယူလိုက်မိသေး၏။ နောက်မှ အံ့အားသင့်သွားရသည်။ ဟုတ်ပါသည်၊ ခေါင်းဖျားမှ ခြေဖျားအဆုံး တစ်ကိုယ်လုံး သိမ်းကြုံးပတ်ထားသော ပတ်တီးများ၊ တစ်ကိုယ်လုံး မျက်လုံးတစ်လုံးသာ ဖွင့်ထားရ၏။

သူလျှာနှင့်ထိုးကြည့်၏။ ပါးစပ်ကိုပိတ်ထားသော ပတ်တီးစကို တိုက်မိုက်ထိုးမိသည်။ ဩော် . . ပါးစပ်ပါ ပတ်တီးတွေဆို့ထားတာကိုး။ နောက်မှသတိရပြီး

"ဟင် . . ဒါဆို ငါ့သွားတွေရော၊ ငါ့သွားတွေရော"

www.burmeseclassic.com

www.burmeseclassic.com



မသက်ာစိတ်နှင့် ပါးစပ်အနံ့လျှာဖြင့်လိုက်ထိုးကြည့်သည်။ သူ့နှုတ်ခမ်းရှေ့ကို လျှာနှင့်ထပ်ထိုးကြည့်သည်။ ဘာကိုမှမထိ။

"ဟင် . . . ဒါဆို ငါ့ . . . ငါ့ . . . ရှေ့တွေပြုတ်ကုန်ပြီ၊ ရှေ့တွေပြုတ်ကုန်ပြီပေါ့။ ရှေ့ဗလာဖြစ်ပြီ"

ရှိတော့ရှိသေးသည်၊ သို့သော်ဗဲ့သွား အနောက်ပိုင်းသာ၊ အရှေ့ခြမ်းကပြောင်သလင်းခါနေပေပြီ။ သူ ချက်ချင်းမျက်ရည်ဝိုင်းသွားမိ၏။

ဩော် . . . ဆရာမလေးနေရီမွန်ရယ်၊ ဆရာမလေးရဲ့ မျက်ဝန်းနက်နက်ကလေးကိုမြင်ချင်လို့ ကြိုးစားလိုက်ရတာ ရှေ့ရှဲ့တွေဗလာဖြစ်ကုန်ပါပေါ့။ တကယ်တွေ့ရတော့ ထိပ်ပြောင်ကြီး၊ အဟင့် . .

သူ့အဖြစ်ကိုသူတွေးမိပြီး ယူကျုံးမရဝမ်းနည်းမိပေပြီ။ ဒါကို မိခင်ဖြစ်သူကပါ

"အောင်မလေးသားရယ် အပေါ်ကဟာတွေ ပြုံကျနိုင်တာ သိလျက်နဲ့ အောက်ကဟာကိုမှ ခြေကန်ဆွဲရတယ်လို့ကွယ်၊ မင်းဘာအကြံနဲ့ လုပ်လိုက်တာလဲကွယ်၊ အခုတော့ အထူးကုဆေးခန်းရောက်နေရပြီ၊ အထူးကုဆေးခန်းဆိုတာက တစ်ခါဖြင်းထောင်သားရဲ့၊ ဒါတောင် တစ်လုံးထဲဖြဲရတာ၊ မျက်လုံးပြောပါတယ်သားရယ်၊ အဟင့်ဟင့်"

ဒီထိပ်ပြောင်ကြီး ဝင်ဖြဲသွားတာတော့ မတန်ပါဘူးအမေရာဟု သူပြောလိုက်ချင်သည်၊ သို့သော် ပါးစပ်တွင်ပတ်တီးတွေနှင့်ဆို့နေသည်မို့ ပြောမထွက်။

ဘေးဘီဝေ့ကြည့်သည်၊ဆရာဝန်မလေးနေရီမွန်၏အရိပ်မယောင်မပြောနှင့်။ အနံ့ပင်မရ၊ သူ့အသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။ သူ့နှာခေါင်းထဲဆေးနံ့များသာ၊ ထိုစဉ်မှာပင်

"ဆရာ . . ဆရာ လူနာကိုဆေးထိုးဖို့ဟာ တစ်ကိုယ်လုံးပတ်တီး





တွေနဲ့ဆိုတော့ ဘယ်နေရာကိုထိုးရမှာလဲဟင်"

နာ့(စ်)မလေးရဲ့အမေး၊ ဒါကို ခုနဆရာဝန်ထိပ်ပြောင်က သူ့အလုပ်သူလုပ်ရင်း လှည့်ပင်မကြည့်ဘဲ

"လွတ်တဲ့နေရာထိုးလေ"

"လွတ်တာဆိုလို့ မျက်လုံးတစ်လုံးပဲကျန်တယ်ဆရာ"

"ဒါဆို မျက်စဉ်းခပ်ထားလိုက်"

ဩော် . . . ကိုယ့်မှာ ဒီတစ်လုံးလေးကောင်းတော့တာ၊ မကောင်းတဲ့နေရာမကဘဲ ကောင်းတဲ့နေရာမှ မျက်စဉ်းခပ်ခိုင်းရတယ်လို့၊ တော်လိုက်တဲ့အထူးကု၊

နာ့(စ်)မလေးက ညွှန်ကြားချက်အတိုင်း မျက်လုံးဖြဲ၍မျက်စဉ်းလာခပ်သည်၊ဒီတစ်ဖြဲအတွက်ရော ဘယ်လောက်ယူသည်မသိ၊

မျက်စဉ်းရည် ကြည်ကြည်လေးက မျက်လုံးထဲဖျတ်ခနဲ၊ ဆရာမလေး ရယ် ဒီနေရာမှာမင်းသာဖြစ်ခဲ့ရင် ငါသီချင်းတစ်ပုဒ်ပါ ပျော်ပျော်ကြီးဆိုမိမှာပါကွယ်၊

ဒီထိပ်ပြောင်ကြီး ဝင်ဖြဲသွားတာတော့ မတန်ပါဘူးအမေရာဟု သူပြော လိုက်ချင်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မလျှော့သောမေတ္တာတွေရယ်. . . သီတာရေစင်ပမာ. . . တသွင်သွင် စီးကျစေတွယ်. . .

ဟူ၍ မျက်စဥ်းကသီတာရေစင်ပမာ မျက်ဝန်းထဲစီးကျလာ၏။ နောက်အမေ့ရဲ့ငိုသံ။

"အောင်မလေးသားရယ်၊ နင့်အတွက်ငိုနေလိုက်ရတာ ငါ့ကို နောက်ပိုင်းမင်းသမီးကို ကျနေတာပဲ၊ ဟီးဟီး"

သူငယ်ချင်းများ၏ နှစ်သိမ့်သံ။

"တစ်ကိုယ်လုံးကတော့ ပုပ်မှာပဲ"

"တစ်သက်လုံး ပက်လက်လောက်ပါကွာ"

"နောင်ဘဝလောက်ဆိုရင်တော့ပြန်ကောင်းမှာပါ"

ခေါင်းထဲမှာ ပလုံစီတွေထနေတာ။ ပုကျိပုကျိနဲ့ ပြောနေကြတော့ ကိုယ်လည်း ပုကျိပုကျိပဲကြားနေရတာ။

◆ ◆ ◆







နေရီမွန်

လူတစ်ဖက်သားရဲ့ အလင်းရောင်ဖြစ်ရတဲ့မင်းဘဝ ငါအားကျရဲ့။

ဖြစ်ပေါ်နေတဲ့ ရက်စွဲတိုင်း စက္ကန့်တိုင်းမှာ မင်းကိုပဲတန်းတန်းစွဲ သတိရနေတတ်တဲ့ လူတစ်ယောက်ကို မင်းသိမှ သိပါ့မလားကွယ်။

အချိန်တိုင်း အဝေးကြီးမှာရှိနေပေမယ့် ငါ့စိတ်ကူးငါ့အိပ်မက်တွေ အားလုံးဟာ မင်းရဲ့မျက်ဝန်းနက်နားမှာသာ ဝဲပျံနေဆဲပါ။မင်းနဲ့အနီးဆုံးဘဝကိုရဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာငါ့ရဲ့ ဒဏ်ရာတွေသာကြည့်ပါတော့။ ဒါကို ငါရှက်လို့ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး။ အခုလူစုံမှရှင်းပြတာပါ။

နေရီမွန်

ငါ့ရဲ့ အသက်မသေဆုံးမချင်း ငါ့ရဲ့အမိကပစ်မှတ်ဟာ မင်းပါပဲ။ ဒါကိုမဖြစ်နိုင်ဘူးလို့ လူတွေလှောင်ရယ်ကြပါစေ။ ငါ့ရဲ့ပစ်မှတ်ကမပြောင်းလဲပါဘူး။ ငါ့ရဲ့ နောက်ဆုံးထွက်သက် တစ်စက္ကန့်ထိ မင်းဟာ ငါ့ရဲ့ခေါင်းထဲက ထွက်သွားမှာ မဟုတ်ပါဘူး။

ငါဟာ မင်းအတွက်အမြဲတမ်း မှတ်ဉာဏ်ကောင်းခဲ့သူသာ။

ကျွန်တော်သေဆုံးချိန်တစ်စက္ကန့်အထိ ခေါင်းထဲမှာစွဲမှတ်ထားတတ်သူပါ။ ဒါကြောင့်ဆရာမလေး ဘယ်လိုပဲထွက်ပြေးထွက်ပြေး ကျွန်တော့်လက်ကမလွတ်နိုင်ပါဘူး။

◆ ◆ ◆







နွေရာသီအကုန် မိုးဦးပင်ကျနေပြီဖြစ်သော်လည်း ရာသီဥတုက ပူပြင်းဆဲ။ ပတ်ဝန်းကျင်မှ သစ်ပင်တန်းများသည်လည်းစိမ်းစိုမယောင်၊ အိုမင်းမယောင်နှင့် အမျိုးအမည်ခွဲရခက်နေသည်။ မြေပြင်သို့ ကြည့်လျှင်လည်း ခြောက်သွေ့နေသယောင်၊ စိုထိုင်းသယောင်နှင့် လူတွေ၏အမြင်များအား လှည့်စားနေသည်။

ထိုကဲ့သို့ အမျိုးအမည်ခွဲရခက်သောလူတစ်ယောက် ပိုးချဲ(လ်)လေး ပေါ်ထိုင်နေသည်။ သူ့ကိုရုတ်တရက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် မံမီလေလား၊ သက်ရှိလေလား၊ ခွဲရခက်လောက်အောင် တစ်ကိုယ်လုံး ပတ်တီးအဖွေးသားနှင့်ဖြစ်နေသည်။ သူ့အနောက်တွင်မှ လက်တွန်းလှည်းလေး ထိန်းကျောင်းပေးနေသော နာ့(စ်)တစ်ဦး။

သူ၏ တစ်လုံးတည်းပေါ်နေသောမျက်ဝန်းတို့ မှိုင်းညို့နေ၏။ သူ၏အခန်းဝမှနေ၍ ဖြတ်သွားဖြတ်လာများကို ပူဆွေးမှုတစ်ခုသဖွယ် မပြတ်တမ်း လိုက်လံကြည့်ရှုမှတ်သားနေသည်။

အဖြူရောင်သာ အားကိုးဝတ်ဆင်ထားသော လူမမာများက သူ့အတွက်မရိုးနိုင်။ တချို့လည်း အော်မြည်လျက်၊ တချို့လည်း ပျော်ရွှင်လျက်။ သူကတော့ ထိုသူများကို ရုပ်ရှင်ဇာတ်ကားတစ်ကားသဖွယ် ငြိမ်သက်စွာ ခံစားနိုင်၏။ ထိုအရာများကသူ့အတွက် နှလုံးသားအာဟာရများကား မဟုတ်နိုင်သေးပါ။

ဖျတ်ခနဲ လင်းလက်သွားသော အလင်းရောင်။

သူ့ရင် ဒိန်းခနဲ ခုန်လှုပ်သွားကာ အလင်းရောင်လာရာသို့ သူပိုင် တစ်လုံးတည်းသောမျက်လုံးနှင့် လှမ်းကြည့်လိုက်သည်။

နက်မှောင်သော ဆံကေသာ၊ ဖြူလွသောဂျူတီကုတ်

မျက်လုံးလေး သူ့ဘက် ဖျတ်ခနဲ ရွေ့လာ၏။

ပြုံးပြပါသည်။ ပြုံးပြသွားသည်။

ခဏမှ ခဏလေး။တဒင်္ဂကလေးသာ။သို့သော် ထိုတဒင်္ဂလေးသည် သူ့အာရုံတွင် ဗီဒီယိုပြစက်မှ တစ်နေရာတည်းခွေထစ်နေသလို ခဏခဏ ပြန်ပေါ်နေသည်။

သူ့ရှေ့တွင်ဘာမှမရှိတော့ချေ။ သို့သော် သူမျက်လုံးမလွှဲဖြစ်သေး။

အပြုံး . . .

သူ့ရင်ကို ကိုင်လှုပ်သောအပြုံး။ ရွှန်းစိုသော နေရီမွှန်၏မျက်ဝန်း။





သူ့နှလုံးသွေးတို့ တဒိတ်ဒိတ်ခုန်စေနေတုန်း

"အထဲပြန်ဝင်တော့မှာလား ကိုဇာနည်"

နာ့(စ်)မလေး၏စကားသံ။ သူ့ဆွံ့အ နားမကြားသူတစ်ယောက်သဖွယ် ငြိမ်သက်တုန်း။

"ကိုဇာနည် . . အထဲပြန်ဝင်တော့မလား၊ အပြင်မှာ လေစိမ်းတွေ တိုက်နေတယ်"

သူ့ဘာမှ ပြန်မပြောဖြစ်သေး။ သူ့အာရုံထဲရှိနေတာက ခုနမြင်လိုက်ရသောမျက်ဝန်း။

နာ့(စ်)မလေးက သူ့ကို လှုပ်ကြည့်သည်။ လုံးဝမလှုပ်တော့။ လူက ငုတ်တုတ်။ မသက်သာတော့၍ထင့် အရှေ့သို့ ခပ်သွက်သွက်လျှောက်လာပြီး ထာဝရအဖြူခံမျက်လုံးကို လာဖြသည်။ ထိုတော့မှ သတိပြန်ရပြီး ထိုထာဝရအဖြူခံနှင့်သာ နာ့(စ်)မလေးကိုပြန်ကြည့်လိုက်သည်။

"ဪ . . . သတိရနေသေးသားပဲ၊ အထဲပြန်ဝင်တော့မလားလို့"

နာ့(စ်)မလေး၏အမေးကို သူက ပတ်တီးများကြားက လေထုတ်၍

"ခုနက ဆရာမလေးက"

"ဘယ်သူ"

သူ့အမေးကို နာ့(စ်)မလေးက ရုတ်ချည်းပြန်မေးသည်။ နောက် သူ့ဘာသာသူစဉ်းစားရင်း

"ဪ . . . ဆရာမလေးနေရီမွှန်ကိုမေးတာဖြစ်မယ်၊ သူက ဒီဆေးခန်းကပဲလေ"

နာ့(စ်)မလေး စကားကြောင့် သူ့အားတက်သွားကာ

"ဒါ . . . ဒါဆို ကျွန်တော့်ကိုသူ့တစ်နေ့တော့လာကြည့်မှာပေါ့ နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကို နာ(စ်)မလေးက မျက်မှောင်ကြုတ်၍

"အဲလိုတော့ . . လာမကြည့်ဘူးရှင့်၊ သူတို့က ဟိုဘက်မှာ"

"ဘယ်လို"

"ဩော် . . . သူတို့က အထွေထွေကုတွေလေ၊ ကိုဇာနည်က အရိုးနဲ့ အကြောကိုရောက်နေတာ၊ ဒါကြောင့် သူတို့နဲ့ မဆိုင်ဘူးလေ"

"ဟင်"

နာ့(စ်)မလေးစကားကြောင့် ဇာနည်တစ်လုံးထဲပြူးသွား၏။ သူတို့ကအထွေထွေကုတဲ့။

ယခုသူ့ရောဂါက အရိုးအကြောတဲ့၊ ဘာမှမဆိုင်ဘူးတဲ့။

ဩော် . . . သူ့ခမျာတော့ ဆရာဝန်မလေးရဲ့ အယုအယကို ခံချင်လွန်းလို့ ကြိုးစားခဲ့ရတာ၊ အခုတော့ အလွှာချင်းခြားနေပြန်ပါပြီ။

တွေးရင်းတွေးရင်း ဇာနည်အဖြုသတ်ခံ တစ်လုံးသားကနေ အရည်ကြည်လဲ့လာ၏၊

"လာပါကိုဇာနည် . . မျက်စဉ်းခပ်ဖို့ အချိန်ရောက်ပြီ"

နာ့(စ်)မလေးကို သူမော့ကြည့်လိုက်သည်၊ သူ့ခမျာလည်း လုပ်စရာမရှိတိုင်း ဒီအကောင်းတစ်လုံးကိုပဲ သီတာရေစင်ဖြန်းနေရတာ၊

ဗိုးချဲ(လ်)လေးက သူ့အခန်းဘက်ပြန်လှည့်သွားပြီ၊ သူ့စိတ်ထဲမှာတော့

"နေနှင့်ဦးပေါ့ ဆရာမလေးရယ်၊ အထွေထွေရောဂါဆိုတာ ငါဖြစ်တတ်ပါတယ်"ဟုသာ၊

♦ ♦ ♦







နောက်တစ်နေ့တွင် တင်မောင်လွင်တို့၊ နေသူတို့ အောင်မျိုးတို့ရောက်လာတော့ သူအားတက်သွားသည်၊

"ငါပြောမယ် အသေအချာ နားထောင်ကြ"

အားလုံး ဂရုတစိုက်နားထောင်သည်၊

"ငါ့ကို ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဆေးပညာစာအုပ်တွေရှာပေး စမ်းပါကွာ"

သူ့စကားကြောင့် အားလုံးမျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးပြုံးကာ

"ဘာ. . . ဘာလုပ်ဖို့လဲကွာ၊ မင်းဟာ အခုရောဂါတောင် မကောင်းသေးတဲ့ဟာကို"

"အေးလေကွာ၊ တော်ကြာ မတော်တရော်ဖြစ်ကုန်မှဖြင့်"

"ဒီရောဂါတောင် သုံးလလောက် ရေလည်စိမ်ကုရမှာနော"

သူငယ်ချင်းများ၏စကားကို ဇာနည်က

"ဟာ . . မင်းတို့ကလည်းကွာ၊ ငါက ရောဂါအခြေအနေ ဖြစ်ပေါ်တတ်ပုံကို လေ့လာချင်လို့ပါကွ"

"လေ့လာပြီးတော့"

"မှတ်ထားရတာပေါ့ကွာ၊ နောက် . . ဆင်ခြင်လို့ရတာပေါ့၊ မင်းတို့ကလည်း"

သူ၏ခပ်တည်တည်စကားကြောင့် အားလုံးစိတ်သက်သာရာ ရသလိုဟန်မျိုးနှင့် သက်ပြင်းချကြသည်။

"အေးလေ . . . . ဒါဆိုလည်း ရှာပေးရတာပေါ့"

နေသူ၏ စိတ်မပါ့တပါစကား။

◆ ◆ ◆





နောက်တစ်နေ့တွင် တင်မောင်လွင်တို့ နေသူတို့ အောင်မျိုးတို့ လူနာလာကြည့်ကြသောအခါ ဇာနည်မှာလိုက်သော ကျန်းမာရေးမဂ္ဂဇင်းများ၊ ကျန်းမာရေးပညာပေး စာအုပ်များ စုံစုံလင်လင်ပါလာသည်။

ထိုနေ့မှစ၍ ဇာနည်ဘယ်လိုနေလျှင် ဘာရောဂါဖြစ်ပြီး၊ ဘယ်ဌာနကို ရောက်နိုင်သည်၊ ဘယ်လိုဖြစ်လျှင် ရဲအရေးပိုင်သည့်အတွက် ဘယ်ဆေးရုံရောက်တတ်သည်၊ ဘာရောဂါဖြစ်လျှင် ဘယ်အ

www.burmeseclassic.com

www.burmeseclassic.com



တွေတွေကု စသည်ဖြင့် အပတ်တကုပ်လေ့လာခဲ့ရာ ဆေးခန်းမှာရှိနေသည့် သုံးလအတွင်း သူချစ်ခဲ့သောဆရာဝန်မလေးနေရီမွန်အား ဖွတ်ခနဲတစ်ကြိမ်သာတွေ့ခဲ့ရသော်ငြား စာဖတ်အားမည်မျှ နာခဲ့သည်ဆိုလျှင် ဆရာဝန်များ ရောဂါအမျိုးအစား မေ့လျော့နေလျှင်ပင် သူ့ကိုလာမေးရလောက်သည် အထိဆေးပညာအရာ၌ ဆရာတစ်ဆူ ပါရဂူသဖွယ် ကျွမ်းကျင်နေလေပြီ။

ဆေးရုံပေါ်မှဆင်းရချိန်၌ပင် ကျိုးထားသောသူ့ခြေထောက်များ အကင်းမသေသေး၍ ဝှီးချဲ(လ်)ပေါ်မှမဆင်းရသေး။ ဒါကို ဆရာဝန်ထိပ်ပြောင်ကြီးက သူ့ပခုံးကို နွေးထွေးစွာပုတ်ပြီး

"အိမ်မှာပဲကောင်းကောင်းအနားယူပေါ့၊ သေသေချာချာဂရုစိုက်နေရင် ရှေ့လလောက်ဆို အကောင်းအတိုင်း ပြန်တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဘာမှမပူနဲ့၊ ကောင်းသွားမှာပါ"

ဟုဆို၍ နှစ်သိမ့်သည်။ ဒါကိုဇာနည်က သူ့မျှော်လင့်ချက်နှင့်သူမို့ ပျော်ရွှင်နေမိသည်။

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ မောင်ဇာနည်ရဲ့ ခံနိုင်ရည်ကိုတော့ လေးစားပါတယ်၊ ဒီလောက်အပိုင်းပိုင်း အတစ်တစ်နဲ့ စုတ်ပြတ်သတ်အောင် ငါးပတ်မွှေလို ကျိုးသွားတာတောင်မျက်လုံးတစ်လုံးထဲ ပြုံးနိုင်သေးတာပဲ၊ ကျန်တာကတော့ ဂရုစိုက်စရာမလိုတော့ပါဘူး၊ ကဲ . . . သွားကြ[illegible]ကြ ဆရာလည်းအလုပ်ရှိသေးလို့"

ဟုဆို၍ လှည့်ထွက်သွား၏။ ထိုတော့မှ သူ့မိခင် ဒေါ်ဆွေသန်းက ဝှီးချဲ(လ်)လေးကို ကူတွန်းပေးကာ ဆေးခန်းပေါ်မှဆင်းလိုက်သည်။

မမြင်ရတာကြာပြီဖြစ်သော ပတ်ဝန်းကျင်နှင့် လူများ၏လှုပ်ရှားပုံ မြင်ရတာတောင် ဇာနည်ခမျာမပျော်ရွှင်နိုင်ရှာပဲ ဆေးခန်းကိုသာပြန်လွမ်းနေရ၏။





သူ့ခမျာ သူချစ်သောဆရာဝန်မလေးကို မမြင်ရလင့်ကတား၊ ဆရာမလေး၏ အငွေ့အသက်၊ ဆရာမလေး၏ပုံရိပ်လွှမ်းခြုံရာ အနီးဆေးခန်းကိုသာ ပြန်တမ်းတမိနေသည်။ ဖြစ်နိုင်လျှင် ချက်ချင်းပင် နောက်ရောဂါတစ်မျိုးနှင့် ဆေးခန်းထဲပြန်ပြေးဝင်ချင်နေမိသည်။ သို့သော်မဖြစ်နိုင်၊ အထွေထွေရောဂါမဟုတ်ပါက ယခုတစ်ခါကဲ့သို့ပင်ဆရာမလေးနှင့် တွေ့ရမည့်အရေး ဝေးဟေးဟေးနေဦးမည်မဟုတ်ပါလား။ ထို့ကြောင့်

"စောင့်ပေဦးတော့ ဆရာမလေးရေ"

သူ့စိတ်ကူးထဲမှာတော့ ပန်းတွေ ပွင့်လို့၊ ခရေပွင့်လေးတွေကြွေလို့ ခြေမကြီးကိုကားလို့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





ကမ္ဘာလောကကြီးဟာ နေ့တစ်နေ့ဆိုတဲ့ အင်ပါယာကိုထူထောင်လိုက်တိုင်း အချိန်ဆိုတဲ့စစ်သည်တွေကတိုက်ခိုက်အနိုင်ယူတတ်ကြစမြဲပါ။

ဒါကြောင့်သက်ရှိ၊ သက်မဲ့၊ လူပခြင်းဆိုတဲ့ သဘာဝတရားတွေ ဖန်တီးမှုတွေဟာ အချိန်ဆိုတဲ့ စစ်သည်ခြေဖဝါးအောက် ပြားပြားမှောက်ကုန်ကြတော့တာပါပဲ။

အချိန်ကပြောတယ်။

"မင်းတို့ရဲ့အိုမင်းရင့်ရော်ခြင်း



တွေကို လက်ဆောင်ပေးစွမ်းနိုင်တာငါကွ"

အချစ်က ငြင်းဆိုတယ်။

"မင်းငါ့ကို အိုမင်းရင့်ရော်အောင် ဘယ်တော့မှ မတိုက်ခိုက်နိုင်ပါဘူးကွာ"

ဒီလိုနဲ့ အချိန်နဲ့အချစ်ဟာ ကမ္ဘာဦးကတည်းက စစ်ပွဲစခဲ့ကြတယ်။

အချိန်ကနေ့စဉ်နဲ့အမျှ အချစ်ကိုအနိုင် သူဖို့စစ်ပြင်ရတယ်။ သတ်ကွင်းဆင်ရတယ်။ အချစ်ကတော့ အေးပါတယ်။

ကြောင်ကို ခွေးဘာလို့ လိုက်တယ်ဆိုတာမသိဘူး။ ကမ္ဘာကြီးပူနွေးလာတာမသိဘူး။ ရေခဲတောင်ပြိုကျတာကို ဂရုမစိုက်ဘူး။

ပုံပြင်အသစ်တွေ ဂရုတစိုက်နားထောင်တယ်။ ပုံပြင်ဟောင်းတွေ ပြောပြတယ်။ ကြမ်းတမ်းတဲ့စကားတွေမပြောတတ်ဘူး။ ဖတ်ပြီးသား စာအုပ်ကိုပြန်ဖတ်လည်း စာမျက်နှာတွေခုန်ကျော်မဖတ်ဘူး။

အထူးသဖြင့် ခင်ဗျားတို့ကျွန်တော်တို့မှာ ဇိမ်ခံစရာ တီဗီ၊ ရေခဲသေတ္တာမရှိချိန်မျိုးတွေမှာပေါ့။

ဒါကြောင့်အချိန်ဟာ အချစ်ကိုတစ်ခါမှစစ်နိုင်တယ်ဆိုတာ မရှိခဲ့ဖူးဘူး။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com





ချစ်ခြင်းရှိရာနှင့် ချစ်ရက်သုံး ရက်သာကွာဝေးသေးသော်လည်း သူ့စိတ်ထဲတွင် နှစ်နှစ်သုံးနှစ်ကဲ့သို့ခံစားနေရသည်။ အရှိန်ပြင်းပြင်းနှင့် ခုတ်မောင်းလျက်ရှိသော လွမ်းဆွတ်ခြင်းများသည် မြင်ကွင်းကျယ်နှလုံးသားဆီမှ စတင်၍ ခန္ဓာကိုယ်တစ်ခုလုံးပျံ့နှံ့နေလေ၏။ မျက်ဝန်းနက်နက်ကလေးအကြောင်း စဉ်းစားမိတိုင်း သူ့တစ်ကိုယ်လုံး ချာချာလည်လောက်အောင် မူးယစ်ရီဝေခဲ့ပြီးအိပ်စက်ခြင်းများကိုပါ ခိုးယူသွားခဲ့ပေပြီ။





မျက်လုံးအကြောင်းသားနှင့် အိပ်မရညတွေတိုင်း အလှတရားနှင့် ကိုယ်ပိုင်ဒသနများ မြောက်မြားစွာထုတ်ယူတတ်နေပြီ။ ဩော် . . . ဘာလို့များ ဒီလောက်တောင် လွှမ်းမိုးနိုင်တာလဲဆရာမလေးရယ်။ ဆရာမလေးရဲ့ မျက်ဝန်းသာ ဟောဒီကောင်းကင်ပြာဖြစ်ခဲ့လျှင် ကျွန်တော်အခုထက်ပိုပြီး လုံခြုံမည်ထင်ပါသည်။

ညကား နက်နေပြီ။

အိပ်၍ကား မပျော်သေး။ မျှော်လင့်ချက်များစွာနှင့် ကောင်းကင်ယံမော့ကြည့်နေသည်။ သူ့အိပ်စက်ခြင်းများကို ဆရာမလေးက ခိုးယူထားပေပြီ။

ဝုန်းခနဲ မိုးခြိမ်းသံကြားရ၏။ ဒီနေ့မိုးနံ့ကိုသူရနေသည်။သူ့မျှော်လင့်ချက်ကောင်းကင်ကိုမော့ကြည့်နေစဉ် ဝေါခနဲမိုးရွာချသံ။

သူ့အုံ့အားသင့်စွာ မိုးရေစက်များကိုလိုက်ကြည့်နေသည်။

ရာသီဥတုက မိုးကိုခေါ်လာပေပြီ။

သူ ခေါင်းရင်းပြတင်းပေါက်ကိုပိတ်ပစ်ရန် ကြိုးစားလိုက်သည်။ တံခါးက သူနှင့်မနီးမဝေးနေရာတွင်မို့ တံခါးကိုအတင်းဆွဲဖွင့်နေရသည်။

သူ့လက်နှင့် မိုးရေစက်အထိအတွေ့။ သူ့မျက်မှောင်ကြုတ်လိုက်မိသည်။ ဘာပါလိမ့်။

သူ့အတွေးထဲမှာတော့ ဆရာမမျက်ဝန်းကလေးသာ။ အခြား အရာရာမှုန်ဝါးနေပြီ။ အသိစိတ်က ကပ်တစ်ချက်မကပ်တစ်ချက်။ နောက်မေ့ခနဲ၊ သူ့ကိုလူမမာဖြစ်အောင်ပံ့ပိုးနေသော မိုးကတော့သည်းကြီးမဲကြီး ရွာကျနေတုန်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ဝယ် ဆေးခန်းရောက်နေပြီ။

"ကိုယ့်အတွေ့အကြုံအရဆိုရင် ဒီလိုလူနာမျိုးက ဒူးအောက်ပိုင်းဖြတ်ရုံနဲ့မကောင်းနိုင်ဘူးဗျ၊ ခါးအောက်ပိုင်းကနေစဖြတ်မှ အသက်ရှင်မှာ"

ဆရာဝန်နှစ်ယောက် သူ့နားလာပြီးငြင်းခုန်နေကြ၏။

"အဲသည်လိုမဟုတ်သေးဘူးဗျ၊ သွေးမလျှောက်တဲ့အပိုင်းက ဒူးအောက်ပိုင်းပဲ၊ ဒူးအောက်ပိုင်းလောက်ဖြတ်ရင် ဖြစ်ပါပြီ"

"ကျွန်တော့်ကြုံဖူးသမျှထဲမှာတော့ ဒူးအောက်ပိုင်းဖြတ်လိုက်လည်း နောက်ပိုင်းအပေါ်ထိကို အကြောဆိုင်းလိုက်လာတာချည်းပဲ၊ ဒါကြောင့် အသက်ရှင်ဖို့ဆိုရင် ခါးအောက်ပိုင်းကဖြတ်မှရမှာ"

"ဒူးဗျာ"

"ခါးဗျာ"

"ဒူးဗျာ . . . ကိုင်းလောင်းမလား"

"ခါးဗျာ . . . မယုံရင်ကြည့်၊ သေချာပေါက်ခါးပဲ"

ဆရာဝန်နှစ်ယောက်အကြီးအကျယ် ငြင်းခုန်နေရင်းက ခဏငြိမ်သွားကြသည်။ နောက်မှ

"ကဲပါဗျာ . . . ဘာမှမဟုတ်တဲ့ကိစ္စလေးတစ်ခုအတွက် ခင်ဗျားနဲ့ကျွန်တော်အငြင်းမပွားချင်ဘူး၊ ခင်ဗျားပြောသလို ဒူးအောက်ပိုင်းပဲဖြစ်ပါစေဗျာ၊ အလုပ်ရှိလို့သွားလိုက်ဦးမယ်"

"အေးဗျာ. . . ဘာမှအရေးမပါတဲ့ ဖြတ်တောက်မှုလေးအတွက် ကျွန်တော်ခံငြင်းနေမိတဲ့အတွက် တောင်းပန်ပါတယ်၊ ဆရာပြောတဲ့ ခါးအောက်ပိုင်းက မှန်လောက်ပါတယ်ဗျာ၊ ခွင့်ပြုပါဦး"

ကြော် ဆရာဝန်များ သူဖြစ်နေတဲ့ရောဂါကိုဘာမဟုတ်တဲ့ကိစ္စတဲ့။





"အပိုင်းပိုင်းအတစ်တစ် ကျိုးထားတဲ့လူတစ်ယောက် အခုလိုမိုးရေထဲမှာအကြာကြီးနေမိတယ်ဆိုတော့ သူ့ရဲ့ခြေဖျားလက်ဖျားတွေက ကွေးကောက်ပြီးသွေးမလျှောက်တော့ဘူး၊ ဒါကြောင့် သွေးမလျှောက်တော့တဲ့ ဒူးအောက်ပိုင်းဖြတ်ပစ်လိုက်မှကောင်းလိမ့်မယ်"

ဆရာဝန်တစ်ယောက်၏ စကားသံ၊ သူခပ်ဝါးဝါးကြားနေရ၏။ ညကမိုးရေစက်များကြား သူမည်မျှကြာအောင် သတိလစ်နေသည်မသိ၊ သူသတိရချိန်

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်ကို သူစဉ်းစားမိရင်း ဆရာမလေးမျက်နှာမြင်ယောင်ကာ မျက်ရည်တျမိသေး၏၊ ဒီတစ်ခါတော့ နှစ်လုံးလုံး။

♦ ♦ ♦







မနက်ခင်း၏ လန်းဆတ်သော အရသာကို အပြည့်အဝခံစားရ၏၊ ဆေးခန်းပေါ်မှ ဗိုးခဲ့(လ်)လေးပေါ်ထိုင်ပြီး လမ်းပေါ်မှဖြတ်သွားဖြတ်လာလူများကို ငေးကြည့်နေမိသည်၊ လူများ၏လှုပ်ရှားမှုများမှာ သာမန်ထက်ပို၍ဖျတ်လတ်နေသယောင်ထင်ရ၏၊

လက်ထဲရောက်နေသောဆေးမှတ်တမ်းကို စိတ်မသက်မသာကြည့်ရင်းက ဆေးရုံရှေ့တွင် စိုက်ထားသော သစ်ပင်တန်းဖက် အကြည့်ရွှေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လေက ခပ်ဖြည်းဖြည်းလေးပဲတိုက်ခတ်နေသော်လည်း သစ်ပင်များက ခပ်သွက်သွက်ယမ်းခါနေသည်။

ဟိုး ခပ်ဝေးဝေးမှာ မြင်နေရသောဘုရားကလေးကို သူလှမ်းကြည့်မိပြန်သည်။ မှုန်ဖွဲ့ဖွဲ့ မိုးရေစက်များကြားမှုန်တီမှုန်ဝါး မြင်ကွင်းကမမှေရက်စရာ။ သူကြည်နူးစွာငေးကြည့်နေလိုက်သည်။ မည်မျှကြာသည်မသိ။ ခပ်လှမ်းလှမ်းမှ ခြေသံကြားမှသူအသိပြန်ဝင်သည်။ ခြေသံကလေးလေးမှန်မှန်။

ဒီခြေသံမျိုး ကြားဖူးပါတယ်။

သူဇဝေဇဝါနှင့် လှည့်ကြည့်လိုက်တော့ သူ့ရင်ထဲထိတ်ခနဲ။ နှလုံးခုန်သံတို့ ပိုမြန်လာသလိုခံစားရ၏။

ကြည့်စမ်း . . . ဆရာမလေး နေရိမ္မန်ပါလား။

ပြုံးချိုသော မျက်နှာကလေးနှင့် သူ့ထံဦးတည်လျှောက်လှမ်းလာသည်။ အို . . . ဒါဟာ သူ့အတောင့်တဆုံးအိပ်မက်ပါ။

ဆရာမလေး၏ခြေလှမ်းများက အနားရောက်မှဦးတည်ချက်ပြောင်းသွားမည်ဟုသူထင်နေမိသည်။ သို့သော် ဦးတည်ချက်ကလုံး ပြောင်း။ ဆရာမလေး၏အပြုံးများက ပို၍ပင်ချိုမြလာသေး၏။ ဒါဟာအိပ်မက်များလား။

သူ တွေးထင်နေတုန်းမှာပင် ဆရာမလေးက သူ့ရှေ့ရောက်နေပြီ။

"ဇာနည် . . . နော်"

သူ ဆရာမလေးကိုသာငေးကြည့်နေမိသည်။ ကြည့်စမ်း ဆရာမလေးရဲ့ပါးပြင်ပေါ် ချယ်ရီသီးတွေမှည့်ရွှမ်းနေပြီ။

"နေကောင်းရဲ့လား"

သူ့နဖူးလေးကို ဆရာမက သူ့လက်ကလေးနှင့်အုပ်ပြီးမေး၏။





ဆရာမရဲ့ လက်ဖဝါးလေးကပန်းနုရောင်ရဲရဲ ဖောင်းဖောင်းပြည့်ပြည့်ကလေးပါ။ ဆရာမက ရုပ်ရည်နှင့်အသံသာမဟုတ်။ လက်ကလေးမှာပါ ကရုဏာပါကြောင်း သူအပြည့်အဝထောက်ခံမိသည်။

ဆရာမလေးက သူ့လက်ကောက်ဝတ်မှ သွေးခုန်နှုန်းကို စမ်းပြီး

"ကိုဇာနည်ရဲ့အကြောင်းကို ကိုဇာနည့်သူငယ်ချင်းတွေဆီကရော ကိုဇာနည့်အမေဆီကပါ သိရပြီးပါပြီ"

သူဆရာမလေးကိုသာငေးနေမိသည်။ လှလိုက်တဲ့ မျက်နှာလေး။ အပြစ်ကင်းစင်ပြီး ဝင်းဖန့်နေတာ။

"တကယ်တော့ဇာနည်ရယ် ကျွန်မအရင်က ယောကျ်ားတွေကို မယုံကြည်ခဲ့ပါဘူး"

ဆရာမလေးရဲ့နှုတ်ခမ်းအရောင်က အရမ်းလှသည်။ အဲဒီနှုတ်ခမ်းသားပေါ်မှာမှ အက်ကြောင်းရာကလေးများရှိနေ၏။ လုံးဝဖြူဖျော့မနေ။ ပန်းရောင်တွေသမ်းနေ၏။

"ယောကျ်ားတစ်ယောက်ရဲ့အချစ်ဟာ အမြဲတမ်းတည်မြဲနေမယ်လို့ကို မယုံကြည်ခဲ့မိတာပါ"

အရှေ့သွားလေးချောင်းက ညီညီညာညာလေး ပေါက်နေတာပါ။ အဲဒီဘေးက သွားစွယ်လေး။

"ယောကျ်ားလေးတွေရဲ့စိတ်ဟာ အမြဲတမ်းပြောင်းလဲနေမယ်လို့ ထင်ခဲ့မိတယ်လေ။ သူတို့ဟာမိန်းကလေးတစ်ယောက် မြင်ရင်သာယာကြလိမ့်မယ်။ အဲဒီမိန်းကလေးကိုရိုးအီသွားရင် နောက်တစ်ယောက်ပြောင်းသွားလိမ့်မယ်လို့ ယုံကြည်တယ်"

ဇာနည် ဘာမှပြန်မပြောမိသေး။ အံ့သြစိတ်ဖြင့် ဆရာမလေးကို ငေးနေ၏။ ဆရာမလေးက သူ့နားကြပ်ကလေးကိုတပ်ပြီး ဇာနည်၏ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ကို ညင်သာစွာထောက်၏။ ပြီးနောက်စကားကိုဆက်ပြန်၏။

"အခု ဇာနည်နဲ့တွေ့မှပဲ ယောက်ျားတစ်ယောက်ရဲ့ မပြောင်းလဲတဲ့ ချစ်ခြင်းတရားကိုတွေ့ရတယ်"

ဆရာမလေးကနားကြပ်ပြန်သိမ်းရင်း သူ့ကိုကြင်နာစွာကြည့်တယ်။

"တကယ်တော့လည်း ကျွန်မတို့မိန်းမသားတွေဟာ ဒီလိုစစ်မှန်တဲ့ ချစ်ခြင်းတရားကိုငံ့လင့်နေခဲ့ရသူတွေပါ။ အခုတော့ ကံကောင်းထောက်မပြီး ကျွန်မတွေ့ရပြီလေ"

ဇာနည် ဆရာမလေးရဲ့စကားကို ငေးကြည့်ရင်းနားထောင်နေသည်။ ဆရာမက ရှက်ပြုံးလေးပြုံးပြီး

"အမှန်အတိုင်းဝန်ခံရရင် ဇာနည်ပထမဆုံးအကြိမ် ဒီဆေးခန်းကို စရောက်ကတည်းက ဇာနည်နဲ့မျက်လုံးချင်းဆုံပြီး . . ကျွန်မရင်ခုန်ခဲ့ရတာပါ"

ပထမဆုံးအကြိမ်ဆေးခန်း၌ သူနှင့်ဆရာမ မျက်လုံးချင်းခဲ့ပုံကို ပြန်သတိရမိသည်။

"အခုတော့ကျွန်မသိသွားပါပြီ၊ မပြောင်းလဲတဲ့ ချစ်ခြင်းတရားနဲ့ တစ်ယောက်တည်းကိုပဲ မျှော်လင့်ခဲ့တဲ့ ဇာနည့်ရဲ့အချစ်ကိုလည်း ကျွန်မ ယုံကြည်သွားပါပြီ"

ဇာနည်၏ရင်တို့ တဒိတ်ဒိတ်နှင့်ခုန်နေ၏။ ဆရာမက ချစ်စဖွယ် ပြုံးရင်း တစ်ဖက်လှည့်ကာ

"ကျွန်မ ကိုဇာနည်ရဲ့အချစ်ကို လက်ခံဖို့ ဆုံးဖြတ်လိုက်ပါပြီ"

ဆရာမ၏စကားကြောင့် ဇာနည်ယောင်ပြီး ဗိုးခဲ(လ်)ကိုလှမ်းဆုပ်လိုက်မိသည်။ ဆရာမလေးက အရှက်သည်းသလိုဟန်မျိုးနှင့်။

နောက်ပြီး . . တစ်လောကလုံး တိတ်ဆိတ်နေသယောင်ထင်ရ၏။





"ကျွန်မ ဇာနည်ကိုပဲလက်ထပ်ဖို့ စဉ်းစားနေပြီးပါပြီ"

"ဝါး"

ဆရာမစကားဆုံးသည်နှင့် ဇာနည်၏အာခေါင်ခြစ်ငိုသံ၊ အကျယ်ကြီးမှ အကျယ်ကြီး။ မျက်ရည်တွေလည်း ချက်ချင်း ဖရောဖရောနှင့်ကျလာ၏။ ဆရာမလေးက အလန့်တကြားဖြင့်

"ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ"

ဆရာမလေး၏ အလောတကြီးအမေး၊ ဒါကို ဇာနည်အားရပါးရ ငိုရင်းမှပင်

"ဝါး . . . ဘာဖြစ်ရမှာလဲဗျ၊ ကျွန်တော်အောက်ပိုင်းသေတော့မှ ဆရာမက ကျွန်တော့်ကိုလက်ထပ်မယ်လာပြောနေတော့ ကျွန်တော် ဘာလုပ်ရတော့မှာလဲဗျ၊ ဝါး . . . ဒါ တမင်သက်သက်အားနည်းနေသူ့ကို အနိုင်လာကျင့်တာ၊ ဝါးဟားဟား"

ဇာနည်၏ အက်ကွဲကြေကွဲသောငိုသံ၊ ဒါကိုဆရာမလေးက မျက်လုံးပြူးပြီး

"ဟင် . . . ဘယ်လို . . . ဘယ်လို"

"ဘာ . . ဘယ်လိုရမှာလဲဗျ၊ မနက်ကပဲ ဆရာဝန်ကြီးက ကျွန်တော့်အမေကို ခင်ဗျားသားအောက်ပိုင်းသေပြီဗျ၊ ပြန်ကုလို့မရတော့ဘူး ဆိုပြီးပြောတာ ကျွန်တော့်နားနဲ့ဆတ်ဆတ်ကြားတယ်ဗျ၊ အဲဒီ ဆေးစစ်ချက် ဒီမှာရှိတယ် ကျွန်တော်ကြည့်ပြီးပြီ၊ အခုလို ဘာမှလုပ်မရတော့မှ ဆရာမက ကျွန်တော့်ကို လက်ထပ်မယ်လာပြောတာတော့၊ ဒါ ပညာရှိနည်းနဲ့နှိပ်စက်တာ၊ ကြီးကြီးကြီးနဲ့ အနိုင်ကျင့်တာ၊ ဝါးအား ပြောမယ်ဆိုလည်း အစက တည်းကလာပြောပါလား၊ ဝါးဟားဟား"

ဇာနည်လုံးဝအငိုမတိတ်တော့၊ ဒါကိုဆရာမလေးက ယောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်တောင်နှင့်

"ဟင် . . . အစကတည်းက ကျွန်မမှမသိ"

"ဘာမသိလဲ. . . ခုနကပဲပြောပြီးတော့၊ ဟီး . . . ကျွန်တော် ပထမဆုံးအကြိမ်ဆေးရုံတက်ကတည်းက မျက်လုံးချင်းဆုံပြီးရင်ခုန်ခဲ့တာဆို၊ အဲဒီကတည်းကပြောလိုက်ရင် ပြီးနေပြီဟာကို၊ အခုအောက်ပိုင်းသေမှ လက်ထပ်မယ်ဆိုတော့ ကျွန်တော်ဘယ်လိုနေရမှာလဲ၊ ဝါးဟားဟား ကြီးကြီးကြီးနဲ့ လာလိမ်နေတယ်၊ ဝါး အောက်ပိုင်းသေမှ အဖြေပေးနေရတယ်လို့ ဝါး . . . ဝါး"

ဆေးရုံတစ်ခုလုံး ဇာနည့်ငိုသံများနှင့်ဆူညံနေ၏။ တစ်လောကလုံးကတော့ ခေါင်းခါကြသည်။

♦ ♦ ♦





ဒဏ်ရာအနာတရနဲ့ နေလုံးကြီးဟာ
သွေးစက်တို့ကို ပွေ့ဖက်ရင်း
အလင်းတို့ ပွင့်ဝေစေခဲ့
မြေသားနဲ့တူတဲ့ ဦးခေါင်းကိုလည်း
လူတွေက တူးဆွကြ၊ ထွေးပစ်ကြ၊ စုပုံကြ၊ ဖို့တင်ကြ။

အချစ်အကြောင်း ပြောပြပြန်တော့လည်း
ငါ့အိပ်မက်တွေကို ကရုဏာတွေ မကြဲပြန့်ခဲ့တာ
လွန်ခဲ့တဲ့ ဆယ်နှစ်ကမဟုတ်ဘူး
ပြီးခဲ့တဲ့ တဒင်္ဂနွေကလည်းမဟုတ်ဘူး
မိုးကုပ်စက်ဝိုင်းကလည်းမဟုတ်ဘူး
ကိုယ်ကျိုးရှာနေတဲ့ ဒီနေ့မှာပဲ
ငါဆိုတဲ့ သတ္တဝါတွေ ကိုယ်ကျိုးနည်းနေတာ

www.burmeseclassic.com

www.burmeseclassic.com





"ကျွန်တော် သေခဲ့ပြီ"

ကျွန်တော်သေခဲ့ကြောင်းကို လူတွေသိပ်မခံစားရအောင် ဟိုးစစခြင်းကတည်းက ပြောပြထားပြီးသားပါ။

ကျွန်တော့် အဖြစ်အပျက်ကို မျက်ရည်တဝိုင်းဝိုင်းနှင့် ခံစားရမည်စိုး၍ ကျွန်တော်အစကတည်းက ဖော်ပြထားခြင်းဖြစ်ပါသည်။

လူ့ဘဝတွင် လူတိုင်းတစ်ခါသေသာကြုံဖူးကြပေမည်။

ကျွန်တော်ကတော့ ထူးဆန်းစွာ





သုံးခါသေခဲ့ပါသည်။ ပထမတစ်ခါက အောက်ပိုင်းသေခြင်းဖြစ်ပြီး ဒုတိယအခါက အိမ်ထောင်ပြုသည့်အပိုင်းကိုစွသေခြင်းဖြစ်ကာ၊ တတိယအကြိမ်၌ အသက်ပါထွက်သွားခြင်းဖြစ်၏။

ကျွန်တော်၏သေခြင်း၌ တွေးထင်ခဲ့သလို ဥပစ္ဆေဒကကံနှင့်သေဆုံးခြင်းမဟုတ်ဘဲ ရိုးရိုးကိုးဆယ့်ခြောက်ပါးရောဂါအပါအဝင် အချစ်နာကျခြင်းတည်းဟူသော ရောဂါတစ်မျိုးတို့၏ ကိုးဆယ့်ခုနစ်ပါးရောဂါဖြင့် သေဆုံးခြင်းဖြစ်၏။ ဟုတ်ပါသည်။ လူ့ဘဝရလာခိုက်ခဏ၌ ကျွန်တော်သုံးကြိမ်တိုင်တိုင် သေဆုံးခဲ့ပါပြီ။ သို့သော် ကျွန်တော်ဂုဏ်ယူပါသည်။

ကျွန်တော်သည် အချစ်အတွက်ခိုက်ရန်ဖြစ်၍သေဆုံးခြင်း၊ အချစ်ကိုရယူရန် အစွမ်းကြိုးစည်ခြင်းမဟုတ်ဘဲ ကိုယ့်ဘာသာကိုယ်ကြိုးစားရင်းနှင့်ပင် အသက်ကတဖြည်းဖြည်းလေး လုံးပါးပါး၍ထွက်သွားခြင်းပင်ဖြစ်၏။

ငှက်တွေက ပျံရင်းသေကြသည်။ ကျွန်တော်လည်း ကြံရင်းနှင့်ပင်သေခဲ့ရသည့်အတွက် လွန်စွာ 'မသာ'ဂုဏ်တက်သည်ဟုထင်ပါသည်။

သေပန်းပွင့်၏၊ လူတကာနှုတ်ဖျား ရေပန်းစား၏။ အမေကိုယ်တိုင်မှပင်

"သေတာပဲ အေးပါတယ်တော်"

ဟုပင် မကြာခဏဂုဏ်ပြု ရေရွတ်နေရသည်။

တစ်ခုပဲ ကျွန်တော်စိတ်မကောင်းဖြစ်ရပါသည်။ ဤသည်မှာလည်း ကျွန်တော်အသက်ရှင်စဉ်အချိန်၌ဖြစ်ပါက ဆရာမလေးအား ကျိုးနွံစွာတောင်းပန်မိမည်ဖြစ်ပါသည်။ ကျွန်တော်ဘာမှမပြောနိုင်သော အခြေအနေ၌ဖြစ်နေသည့်အတွက် မည်သို့မှတောင်းပန်ရန် မဖြစ်နိုင်ခဲ့သောကြောင့်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏အသုဘကားနှင့် ကျွန်တော်ချစ်သောဆရာမလေးတို့၏ မင်္ဂလာတားတို့လမ်းမှာထိပ်တိုက်ဆုံပြီး ကျွန်တော့်အသုဘ

•



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်နေ၍ ဆရာမလေးတို့၏ မင်္ဂလာကား ခေတ္တစောင့်ဆိုင်းပေးလိုက်ရ၍ဖြစ်ပါသည်။

ထိုအချိန်တွင် ကျွန်တော်ချစ်သောဆရာမလေးက ကျွန်တော့်ကို ခါးအောက်ပိုင်းမှဖြတ်ရန် လောင်းကြေးထပ်ခဲ့သော ဒေါက်တာကိုကိုကြီးနှင့် လက်ထပ်လိုက်သော မင်္ဂလာနေ့ပင်။ ထိုနေ့၌ပင် ကျွန်တော့်အသုဘကားနှင့် ထိပ်တိုက်ဆုံလိုက်ရခြင်းအတွက် ဆရာမစိတ်မသက်မသာဖြစ်သွားမှာ စိုးရိမ်၍တောင်းပန်ခြင်းပင်။

ကားကို အခေါင်းထဲမှ အငြိမ့်သားအိပ်စက်စီးရသော ကျွန်တော့်အတွက်နှင့် ထိုင်လျက်ကသိကအောင့်စီးကြရရှာသော အသစ်စက်စက် ဇနီးမောင်နှံတို့ အမင်္ဂလာကြုံရခြင်းက လွန်စွာအားနာဖို့ကောင်းပါသည်။ ဒီနေရာမှာလည်း အဖြစ်အပျက်များအရ ကျွန်တော်ကမထင်မှတ်ပဲ ဆရာမလေးအပေါ် အသာစီးယူမိလျက်သားဖြစ်နေပြန်သည်။ ကျွန်တော်၏ အသုဘကားက ဆရာမလေး၏ မင်္ဂလာကားနှင့် မင်္ဂလာရှိစွာဆုံရချိန်တွင် ဆရာမလေး၏မင်္ဂလာကားက ကျွန်တော့်အသုဘကားနှင့် မင်္ဂလာမဲ့စွာဆုံရခြင်းဖြစ်သည်။

သည်လိုဆုံတွေ့နိုင်မှန်း ကျွန်တော်ကြိုသိခဲ့လျှင် ကျွန်တောတစ်ရက်စောသေပေးပါသည်။ ထိုထက်မကလည်း ဆရာမလေးဆန္ဒသာရှိပါက စောသေပေးနိုင်ပါသေးသည်။ ယခုတော့ ကျွန်တော်မသိလိုက်ဘဲ ဖြစ်ရသောကိစ္စအတွက် ကျွန်တော်ဆရာမလေးကို အနူးအညွတ်တောင်းပန်ပါသည်။

ထို့ကြောင့်

ယခုများ ကျွန်တော်ချစ်သော ဆရာမလေး နေရှိမှန်အား မိတ်ဆွေတို့ တွေ့ရှိခဲ့ပါက မသာကိုယ်စား

"ဤကိစ္စမှာ ဇာနည်မသိခဲ့၍ ဖြစ်ခြင်းဖြစ် ကြောင်းနှင့် ဤကဲ့သို့ ထိပ်တိုက်ဆုံနိုင်မှန်းသိလျှင် သူဆရာမအကျိုးအတွက်စောသေပေးမည်ဖြစ်ကြောင်း"

သိသာရန် တောင်းပန်ပေးကြပါလို့ အနူးအညွတ်မေတ္တာရပ်ခံလိုက်ပါသည်။ ဟုတ်ကဲ့ အားလုံးကို ကျေးဇူးတင်ပါသည်။

ဇာနည်

ခေတ္တ-တမလွန်

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော့်ရဲ့ဇာတ်ကောင် သေခဲ့ပါပြီ။

ဒါကိုလည်းကျွန်တော် ဝတ္ထုအဖွင့်ကတည်းက ပြောခဲ့ပြီးသားပါ။

နောက်မဟုတ်လျှင် လွန်စွာကြေကွဲဖွယ်ကောင်းသောဝတ္ထုကြီးကို မျက်ရည်တပိုင်းပိုင်းနဲ့ ဖတ်နေရမှာစိုးလို့ပါ။

သူဟာ အမှန်တကယ် အချစ်ကြောင့်သေခဲ့တဲ့မသာအစစ်ပါ။ မိတ်ဆွေတို့အနီးအနားမှာ ဒါမျိုးကို ကြုံဖူးခြင်းရှိချင်မှရှိမှာပါ။ (ရှိလည်း ရှိနိုင်ပါတယ်။)





သူ သေဆုံးချိန်မှာ သူ့ရဲ့အချစ်ဆုံးဆရာမလေးနေရီမွန်က အမှန်တကယ် မင်္ဂလာဆောင်လိုက်ပါပြီ။

ဆရာမလေးမင်္ဂလာဆောင်တဲ့နေ့မှာပဲ ကံဆိုးသည်လား၊ကံကောင်းသည်လားမသိရဘဲ ဇာနည်ရဲ့အသုဘကားနဲ့ ဖိပ်တိုက်ဆုံဖြစ်အောင်ဆုံလိုက်ပါသေးတယ်။ ဒါကို ဇာနည်ကသူချစ်သော ဆရာမလေးနေရီမွန်ကို နောက်ဆုံးအကြိမ်မြင်တွေ့ရခြင်းလို့ မိတ်ဆွေတို့ထင်ကြပေလိမ့်မယ်။မဟုတ်သေးပါခင်ဗျား။ နောက်ဆုံးရဲ့ပထမတွေရှိပါသေးတယ်။

ကျွန်တော်အဲလိုဆိုလိုက်လို့ မိတ်ဆွေတို့နားထဲ ရှုပ်သွားပါလိမ့်မယ်။ မရှုပ်ပါနဲ့ခင်ဗျား။

ဇာနည်သေဆုံးသွားတာမှန်သော်လည်း နောက်ဆက်တွဲအဖြစ်အပျက်တွေရှိပါသေးတယ်၊ ဇာတ်က ခုမှစပါပြီ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



သားတော်မောင်ဇာနည် ဆုံးပြီး ကတည်းက ဒေါ်ဆွေသန်းအိမ်ထဲမှအိမ် ပြင်မထွက်တာကြာခဲ့ပြီ။ သည်နေ့ကျမှ မထွက်မဖြစ်ကိစ္စများကြောင့် မြို့ထဲထွက် လာ၏။

မထွက်မဖြစ် ကိစ္စဆိုသည်မှာ အိမ်မှာဇာနည်မရှိကတည်းက သည်အ တိုင်းထားခဲ့သည့်အရာများမှာ ပျက်စီးယို ယွင်းကုန်ပြီ။

ရေပိုက်တွေလည်း ပေါက်ကုန် ပြီ၊ ဧည့်ခန်းထဲမှဘီရိုကြီးလည်း ပြိုကျ မတတ် ယိုင်နဲ့နေပြီ။ ခန်းဆီးလိုက်ကာများလည်း ညစ်ထေးနွမ်းဖတ်နေပြီ၊ ကြမ်းခင်းကော်ဇောတွေလည်း ပေါက်ပြဲကုန်ပြီ၊ ပြောရလျှင် အများကြီး၊ ထို့ကြောင့် အိမ်အတွင်းပြန်လည်ပြင်ဆင်နိုင်ရန်အတွက် လိုအပ်သည့်ပစ္စည်း များဝယ်ယူနိုင်ရန်ပစ္စည်းအစုံအလင် တစ်ခါတည်းရသောဈေးသို့ ထွက်ခဲ့ ခြင်းပင်၊

ဈေးရောက်တော့လည်း ဘယ်ကစ၍ ဘယ်လိုသွားရမှန်းမသိ တော့၊ ဈေးကမရောက်တာ ကြာမှကိုး။

ဤသို့ဖြင့် ယောင်လည်လည်နှင့် ဈေးရှေ့ရပ်နေတုန်းမှာပင်. . .

"ဟယ် . . . ဒီသားလေးကတော့ကွယ်"

ဟူသော ရင်းနှီးသည့်အသံကြားလိုက်၍ လှည့်ကြည့်လိုက် တော့. . .

"ဆရာမလေးနေရိမ္မန်"

ဟုတ်ပါသည်။ ဆရာမလေး နေရိမ္မန်ကလေးငယ်တစ်ဦးကို ပွေ့ချီ ရင်း အလုပ်များနေသည်၊

"ဆရာမလေး"

ဒေါ်ဆွေသန်းခေါ်သံကြောင့် နေရိမ္မန်မော့ကြည့်၏။ သူ့ခမျာဇဝေ ဇဝါဖြစ်နေပုံရ၏။

"ဆရာမလေးမမှတ်မိဘူးလား၊ ကျွန်မ ဇာနည့်အမေလေ"

ဇာနည့်အမေအသံကြားတော့မှ ဆရာမလေးဝမ်းသာအားရဖြင့်

"ြော် . . . မှတ်မိပြီ၊ မှတ်မိပြီ၊ အန်တီ နေကောင်းတယ်မဟုတ် လား"

ဆရာမလေးခမျာ ဖြစ်ခဲ့တာတွေမေ့တုန်ပြီထင်၏။ ဒေါ်ဆွေသန်း ကပြုံးရယ်၍ခေါင်းညိတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်ကွယ်၊ ဒါက သားလေးလား"

ဒေါ်ဆွေသန်းအမေးကို ဆရာမလေးက နှစ်ခြိုက်စွာရယ်မောရင်း

"ဟုတ်တယ် အန်တီရေ ယောက်ျားလေးလေ၊ ဆိုးသလားမမေးနဲ့ တာတွေကိုလဲနေတာပဲ"

ဆရာမလေးက သူ့သားဆိုးတာကိုပင် ဂုဏ်ယူဟန်နှင့်ပြော၏။ ဒေါ်ဆွေသန်းကိုမြင်တော့ကလေးက လက်ကမ်းပေးရင်းရယ်၏။ နောက်ကျောကိုတွန့်၍ ဒေါ်ဆွေသန်းဆီလိုက်ရန်ပြင်၏။

"အဲ လိုက်မယ်တဲ့၊ အန်တီ့ဆီကိုလိုက်မယ်တဲ့၊ အောင်မယ် အမျိုးတွေတာကျနေတာပဲ၊ ရယ်နေလိုက်တာ တခြားသူတွေဆို ဘယ်သူမှ ခေါ်လို့မရဘူး၊ အတင်းချီရင် ကိုက်တော့တာပဲ"

ဆရာမ၏ဝမ်းသာအားရစကားသံ၊ ဒေါ်ဆွေသန်း ကလေးငယ်ကို လက်ကမ်းရင်း

"ဟင် . . . သားလေးက လိုက်မယ်တဲ့လား၊ လာလာ . . ဟင်"

သူ့ဆီလိုက်လာသော ကလေးမျက်နှာကိုမြင်တော့ ဒေါ်ဆွေသန်း အလန့်တကြားဖြစ်သွား၏။ နောက်စိတ်ထဲတွင်လည်း

"ဒီမျက်ခွက်မျိုး ငါမြင်ဖူးပါတယ်"

ဟူ၍ ဇဝေဇဝါဖြစ်နေ၏။ ဒါကို ဘေးနားကဆရာမလေးက ရယ်ရင်း

"ထူးဆန်းတယ်တော့၊ သားက ဘယ်သူခေါ်ခေါ်မလိုက်ဘူး၊ ဘယ်လောက်ထိလဲဆို သူ့အဖေမျက်နှာမြင်ရင်ကို တူးတူးခါးခါးငိုတာပဲ ကျွန်မအနားကကို ဘယ်တော့မှမခွာဘူး"

ဆရာမလေးစကားကိုနားထောင်ပြီး ဒေါ်ဆွေသန်း မျက်မှောင်ကြုတ်၍ကလေးကို ပြန်ငုံ့ကြည့်သည်၊ ကလေးကတော့ ဝမ်းသာအားရပြုံးပြီး





သူ့ကိုသာစိုက်ကြည့်နေသည်၊ ဒေါ်ဆွေသန်းက မသက်မသာဖြင့်

"ကလေးက ဗိုက်မှာရော ငြိမ်ရဲ့လား"

ဆရာမလေးထံမှ သက်ပြင်းချသံကြားရ၏။ မျက်နှာကပြုံးဆဲ၊ သူ့သားအကြောင်းပြောရမည်ဆို၍ ပုံပြင်ကောင်းတစ်ပုဒ်ပြောရသကဲ့သို့ ဂုဏ်ယူနေပုံရ၏။

"ဟင်း . . . ဆော့တာကတော့ ပြောင်းဆန်နေတာပဲ အန်တီရေ ဘယ်အချိန်မှမငြိမ်ဘူး၊ သူ့အဖေမြင်ရင်လည်း သံကုန်ခြစ်ငိုတာပဲ၊ လူဝင်စားလေးလားမသိပါဘူး အန်တီရယ်၊ လက်မောင်းမှာလည်း အမှတ်ကလေးနဲ့"

ဒေါ်ဆွေသန်းက ဆရာမလေးလှန်ပြသော သူ့သားလက်မောင်းမှ အမှတ်ကလေးကိုမြင်တော့ ကလေးကို ကိုင်ပေါက်မိမတတ် လန့်သွား၏။

"ဟင် . . . ဒါ . . . ဒါ . . . ဟိုကောင် . . . ဟိုဒုက္ခကောင်၊ ဇာနည့်အမှတ်"

ကလေးကတော့ တခစ်ခစ်ရယ်လို့ . . . .

ဆရာမလေးကလည်း အံ့ဩပြီးပြုံးလို့ . . .

ဒေါ်ဆွေသန်းသာ မျက်လုံးပြူးပြီးတောင့်လို့ . . .

ေ လ း ၀ ၁ း ၉ ၁ ကြိ ၊ း ၀ ၁ း လျ က်

အကြည်တော်



www.burmeseclassic.com